မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၈ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၂၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

သဖန်းဆိပ်ရေလှောင်တမံဆည်ရေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၁၄၁၈၉၈ ဧကနှင့် အခြားသီးနှံ ၁၁၃၃၇၃ ဧက စိုက်ပျိုးနိုင်ခဲ့

ဆီထွက်သီးနှံ နွေနှမ်းစိုက်ဧက ၈၄၉၇၂ ဧကမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မုံရွာ မေ ၁၇

နိုင်ငံတော်မှ တည်ဆောက်ထားသည့် ဆည်၊ ကန်၊ ရေလှောင်တမံများအနက် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၅ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်း (နယ်စပ်)တွင် တစ်ခု ထိန်းသိမ်းထားရှိပြီး အကျိုးပြုဧရိယာ ၅၃၉၃၃၂ ဧကကို သိုလှောင်ထားသည့် ရေပမာဏအရ နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို ရာသီအလိုက် စိုက်ပျိုးရေပေးဝေလျက်ရှိရာ ယခုနွေစပါးစိုက်ပျိုးရာသီတွင် သဖန်းဆိပ်ရေသောက်ဧရိယာအတွင်း ဆီထွက်သီးနှံ(နှမ်း)စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

သဖန်းဆိပ်ရေလှောင်တမံသည် ရေစတင်ပေးဝေသည့် ဖေဖော်ဝါရီလတွင် တမံအတွင်း ရေအမှတ် အမြင့် ၅၄၄ ဒသမ ၁၀ ပေ၊ သိုလှောင်ရေပမာဏ ၂၇၀၇၈၂ ဧကပေရှိရာ ယနေ့တွင် ၅၃၁ ဒသမ ၂၂ ပေ၊

စာမျက်နှာ ၄ ကော်လံ ၁ ❖

YBS ခရီးသည်တင်ယာဉ်များပေါ်တွင် ခရီးသွားများ ကြိုတင်ကာကွယ်သတိပြုမိစေရန် “ခါးပိုက်နှိုက်သတိပြု” စာတန်းပါ စတေကာများ ကပ်နှံသွားမည်ဟုသိရ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် YBS ယာဉ်များအားလုံး ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်နောက်ဆုံးထားကာ CCTV ကင်မရာများ တပ်ဆင်ရမည်ဖြစ်ပြီး တပ်ဆင်ခြင်း မရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

YBS ခရီးသည်တင်ယာဉ်များပေါ်တွင် ခိုးထောက်လုယက်ခြင်း၊ အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်ခြင်းများ

စာမျက်နှာ ၅ ကော်လံ ၁ ❒

ယနေ့ ဖတ်စရာ

မဲနယ်တောင်တန်းပေါ်မှ ဖွံ့ဖြိုးရေးလမ်းကွန်ရက်များ (၂)

ဆောင်းပါး စာ ၁၀

ဝတ်ဆင်ရေးအဆင်ပြေဖို့ ဝါသီးနှံ တိုးချဲ့စိုက်ပျိုးစို့



ဆောင်းပါး စာ ၁၆

တရားမဝင်ကုန်သွယ်မှုများ လုံးဝကင်းစင်သည်ထိ တိုက်ဖျက်

တရားမဝင်ကုန်သွယ်ရေးသည် ကမ္ဘာ့နိုင်ငံပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိသကဲ့သို့ အာဆီယံဒေသတွင်း၌လည်း မြင့်တက်လျက်ရှိပြီး ကဏ္ဍများစွာတွင် ပမာဏအားဖြင့် ကြီးမားလှသည့် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေးအတွက် ဦးဆောင်ကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းပြီးနောက် ၂၀၂၄ ခုနှစ် ဧပြီလအထိ ဖမ်းဆီးရမိမှု အမှုတွဲ ၂၄၃၀ မှု ခန့်မှန်းတန်ဖိုးကျပ် ၂၅၀ ဒသမ ၁၇၆ ဘီလီယံ ဖမ်းဆီးရမိခဲ့သည်။

"တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၌ ဥပဒေကိုကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိပြီး စီးပွားရေးသမားများအနေဖြင့် ဝိသမလောဘများဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးအပြင် လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများမှ တစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သမားများထံသို့ ငွေကြေးစီးဆင်းမှုများဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့် လုံခြုံရေးအရ ထိခိုက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကို ကျူးလွန်ကြသူများမှာ ဝိသမလောဘသမားများဖြစ်ကြပြီး ၎င်းတို့၏ အကျိုးအမြတ်ရရှိရေးအတွက် ဥပဒေကိုရော လူ့ကျင့်ဝတ်များကိုပါ ဖောက်ဖျက်ကြသူများဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုး အကျိုးဆက်များမှာ ကြီးမားကျယ်ပြန့်လှပြီး မိမိတို့နိုင်ငံကဲ့သို့ စီးပွားရေးအားနည်းသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ အန္တရာယ်ကြီးသည်။ ဆေးဝါးအတု၊ ကုန်ပစ္စည်းအတု၊ ဓာတုပစ္စည်းအတုများ စသည်တို့ကြောင့် လူ့အသက်ဆုံးရှုံးရခြင်း၊ သဘာဝသယံဇာတများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်စေသကဲ့သို့ အစိုးရများအတွက် အခွန်အခများ ဆုံးရှုံးရခြင်း၊ တရားဝင်စီးပွားရေးလုပ်ငန်းများ ငွေကြေးဆုံးရှုံးရခြင်းတို့ကို ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံနှင့်အဓိကကုန်သွယ်ဖက်နိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန် စသည့်နိုင်ငံများနှင့် ကုန်သွယ်မှုကွာခြားချက်များ လေ့လာမှုတွင် International Trade Centre (ITC) ၏ Data များအရ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုကွာခြားချက်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်မှ အများဆုံး ၁၂ ဘီလီယံအထိ ကွာခြားမှုရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှုများ ရှိနေကြောင်း ဖော်ပြလျက်ရှိနေရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်တွင် စီးပွားရေးဦးတည်ချက်များနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးပါလျက်ရှိရာ တရားမဝင်ကုန်သွယ်မှုများက ပြည်တွင်းရှိ MSME လုပ်ငန်းများ ရပ်တည်နိုင်စွမ်းမရှိအောင် ထူထောင်၍မရအောင်၊ အနှောင့်အယှက်၊ အဟန့်အတားများစွာ ဖြစ်ပေါ်စေသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှု ကျဆင်းခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းတို့ အပါအဝင် နောက်ဆက်တွဲပြဿနာများစွာတို့မှာ နိုင်ငံကို ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်စေမည်ဖြစ်သည့်အလျောက် တရားမဝင်ကုန်သွယ်မှုများကို လုံးဝကင်းစင်ပပျောက်သည်အထိ အစိုးရနှင့်ပြည်သူ လက်တွဲကြိုးပမ်းတိုက်ဖျက်ကြရပါမည့်အကြောင်း။ ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၀

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၅၅၀၄၈၊ ၀၆၇-၄၁၅၅၀၉၉
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၂၂၀၉၁၊ ၀၇၁-၂၀၂၂၀၉၂
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၄၀၃၇၊ ၀၅၉-၂၀၄၀၃၈
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၃၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၂၄၅၊ ၀၂-၄၀၂၂၄၆
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်ပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၂၄၅၅၄၀၊ ၀၈၁-၂၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၅-၂၀၂၄   ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၆၂၅	၂၇၀၀	၂၆၀၀	၂၆၃၀	၂၇၀၀	၂၇၃၅	၂၇၂၅	၂၆၀၀	၂၈၀၅	၂၈၄၅	၂၆၉၀	၂၇၀၅	၂၇၄၀	၂၇၂၅	၂၇၄၀	၃၁၄၅	၃၆၀၀
95 Ron	၂၇၅၀	၂၈၂၅	၂၈၀၅	၂၇၅၅	၂၈၂၅	၂၈၄၀	၂၈၅၀	၂၈၀၅	၂၉၃၅	၂၉၆၅	၂၈၁၅	၂၈၃၀	၂၈၆၀	၂၈၅၀	၂၈၆၅	၃၂၇၀	၃၇၀၀
HSD (500 ppm)	၂၃၇၅	၂၄၂၅	၂၄၀၀	၂၃၅၅	၂၄၂၅	၂၄၄၀	၂၄၅၀	၂၄၀၅	၂၅၃၅	၂၅၆၅	၂၄၁၅	၂၄၃၀	၂၄၆၀	၂၄၅၀	၂၄၆၀	၂၈၇၀	၃၆၅၀
HSD (50 ppm)	၂၃၉၅	၂၄၇၅	၂၄၅၀	၂၄၀၅	၂၄၇၅	၂၄၈၅	၂၅၀၀	၂၄၅၅	၂၅၈၅	၂၆၁၅	၂၄၆၀	၂၄၇၅	၂၅၁၀	၂၅၀၀	၂၅၁၀	၂၉၂၀	၃၇၁၀
HSD (10 ppm)	၂၃၉၅	၂၄၇၅	၂၄၅၀	၂၄၀၅	၂၄၇၅	၂၄၈၅	၂၅၀၀	၂၄၅၅	၂၅၈၅	၂၆၁၅	၂၄၆၀	၂၄၇၅	၂၅၁၀	၂၅၀၀	၂၅၁၀	၂၉၂၀	၃၇၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၈၈	၂၅၇၁
95 Ron	၂၆၀၉	၂၆၉၅
HSD (500 ppm)	၂၂၂၀	၂၂၉၄
HSD (50 ppm)	၂၂၆၇	၂၃၄၂
HSD (10 ppm)	၂၂၆၇	၂၃၄၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ သင်တန်းဆင်းပွဲများပြုလုပ်

နေပြည်တော် မေ ၁၇ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း ဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို နေပြည်တော် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်၊ တပ်မတော် အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (ရေ) က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။**(ယာပုံ)** ထို့နောက် ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများ၊ အကောင်းဆုံး သင်တန်းစခန်းဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်း အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) ကို သင်တန်းစခန်း ၁၀ ခုတွင် သင်တန်းသား၊ သင်တန်းသူ ၈၁၈ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်း တို့ကို သင်ကြားပို့ချပေးခဲ့ပြီး စစ်ရေယာဉ် (မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်း တစ်လျှောက် လက်တွေ့စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာ စနစ်များ၊ ရေယာဉ်ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကာ ရေကြောင်းလူငယ်စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စခန်းပေါင်းစုံပြိုင်ပွဲများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့် ဆုရရှိသည့် သင်တန်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဆုရရှိသည့် သင်တန်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

သင်တန်းသား သင်တန်းသူများ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအရှေ့ဘက်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကြည့်ရှုလေ့လာကြစဉ်။

အလားတူ တပ်မတော်(လေ) က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်းအားလုံး၏ စုပေါင်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (လေ)မှ ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အုပ်ချုပ်သူ နည်းပြ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ ယင်းနောက် ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းစခန်းများနှင့် သင်တန်းသားများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ခင်းကျင်းပြသထားသော ပြခန်း၊ ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် သင်တန်းသား၊ သင်တန်းသူများ၊ အုပ်ချုပ်သူ နည်းပြ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းများကို သင်တန်းစခန်း ၁၇ ခုတွင် စုစုပေါင်း သင်တန်းသား ၈၅၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ ဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံ ဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတိသွေး၊ ဓာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)နှင့် လမ်းဦးစီးဌာန၊ စက်မှုဌာနခွဲရှိ စက်၊ ယာဉ်၊ ယန္တရားများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ကျောင်းအုပ်ကြီးက ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) ၏ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ ဝန်ကြီးဌာနရှိ ဝန်ထမ်းများကို အရည်အသွေးမြှင့်တင်နိုင်စေရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည့် အခြေအနေ၊ နှစ်အလိုက် သင်တန်းများပို့ချနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သည် ပြည်ပ အလုပ်အကိုင်များ ရရှိစေရေးအတွက် သက်မွေးပညာရပ်လုပ်သားကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ စစ်ဆေးအကဲဖြတ်ထုတ်ပေးရန်အတွက် အလုပ်သမား ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skills Standards Authority– NSSA) ဖွဲ့စည်း၍ ဆောက်လုပ်ရေးဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု စံသတ်မှတ်ရေးကော်မတီမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၁၀ နှစ်အတွင်း နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်လုပ်သား ၃၄၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေ၍ ပိုမိုအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီကို ဦးစီးဆောင်ရွက်နေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အငယ်တန်းအင်ဂျင်နီယာများကို တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းစိတ်များ၊ အရည်အသွေးနှင့် စျေးနှုန်းစစ်ဆေးခြင်း (QA/QC) များကို မှန်ကန်စွာ စိစစ်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်တွင် လုပ်ငန်းခွင်မပျက် မွမ်းမံသင်တန်းများ ဖွင့်လှစ် သင်ကြားနေသကဲ့သို့ ယခုသင်တန်းကျောင်းတွင်လည်း အခြားဝန်ကြီးဌာနများမှ အငယ်တန်းအင်ဂျင်နီယာများကို သင်ရိုးညွှန်းတမ်းနှင့်တကွ သင်ကြားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးသည့် စာတွေ့/လက်တွေ့ သင်ခန်းစာများကို မိမိလုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချသွားနိုင်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတက်ရောက်နေသော သင်တန်းသားများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့၏ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန၊ စက်မှုဌာနခွဲသို့ ရောက်ရှိရာ တာဝန်ရှိသူက ဌာန၏ ဝန်ထမ်းနှင့် စက်ယန္တရားများ ပြင်ဆင်စုဖွဲ့ထားရှိမှု၊ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အသုံးပြုမည့် စက်၊ ယာဉ်၊ ယန္တရားအခြေအနေတို့ကို အသေးစိတ်ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်၊ ယာဉ်၊ ယန္တရားများ ပြင်ဆင်စုဖွဲ့မှုအနေဖြင့် ပုံမှန်တည်ဆောက်ရေးလုပ်ငန်းများကိုသာမကအထူးစီမံကိန်းများနှင့်သဘာဝဘေးဒဏ်ကြောင့် အရေးပေါ် လိုအပ်သည့်နေရာများသို့ လိုအပ်ချက်အရ ချက်ချင်းပေးပို့ ဆောင်ရွက်နိုင်သည်အထိ စက်၊ ယာဉ်၊ ယန္တရားများ ကောင်းမွန်နေရန် လိုအပ်ပါကြောင်း၊ ပြုပြင်ထိန်းသိမ်းရေးအပိုင်းကိုလည်း အလေးထား ဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး စက်၊ ယာဉ်၊ ယန္တရားများ ထိန်းသိမ်းထားရှိမှု၊ စက်ယန္တရားများ သရုပ်ပြ စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့် ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့(Asia Pacific Joint Group - APJG) မျက်နှာချင်းဆိုင်အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှု အစီရင်ခံစာနှင့် ပတ်သက်၍ အာရှ–ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) မျက်နှာချင်းဆိုင် အစည်းအဝေးကို မေ ၁၅ ရက်မှ ၁၆ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

မျက်နှာချင်းဆိုင် အစည်းအဝေး၌အာရှ–ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) တွဲဖက်သဘာပတိများ၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၊ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ APJG မှ အကဲဖြတ်သူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

မျက်နှာချင်းဆိုင် အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိနေသည့်အစီအမံများ အပေါ် APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ချက်များကို အကဲဖြတ်သူများအားလုံးက ခြုံငုံချိတ်ဆက်သိရှိစေရန်အတွက် လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြဆွေးနွေးသည်။

APJG မှ အကဲဖြတ်သူများက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာပါ လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ထပ်မံရှင်းလင်းသိရှိလိုသည့်အချက်များ မေးမြန်းခဲ့ခြင်းအပေါ် မြန်မာကိုယ်စားလှယ်များက ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးချက်များတွင် မြန်မာနိုင်ငံအနေဖြင့် ဆုံးရှုံးနိုင်ခြေမြင့်မားသော မှုခင်းများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုဆုံးရှုံးနိုင်ခြေများအား နားလည်ဖော်ထုတ်ခြင်းများ၊ တရားမဝင် ငွေလွှဲလုပ်ငန်း ဆောင်ရွက်နေသည့် ဟွန်ဒီများ လျော့နည်းပပျောက်စေရေးအတွက် တရားဝင်လုပ်ငန်းလိုင်စင်များ ရယူလုပ်ကိုင်စေရန် တွန်းအားပေး ဆောင်ရွက်ချက်များနှင့် လိုင်စင်မရှိဘဲလုပ်ကိုင်ဆောင်ရွက်နေသူများကို တရားဥပဒေစိုးမိုးရေး အဖွဲ့များနှင့် သက်ဆိုင်ရာ နိုင်ငံများရှိ ဗဟိုဘဏ်များဖြင့်ပူးပေါင်း၍ ဖော်ထုတ်အရေးယူ ဆောင်ရွက်ချက်များ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က ငွေကြေးခဝါချမှုများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ရယူဆောင်ရွက်ချက်များ၊ သတင်းပို့အဖွဲ့အစည်းများက ပေးပို့လာသည့် သံသယဖြစ်ဖွယ် သတင်းပို့ချက်များအား စိစစ်ပြီး ဆက်လက်အရေးယူဆောင်ရွက်ချက်များ၊ ဖမ်းဆီးရမိသည့်ပစ္စည်းများ စီမံခန့်ခွဲသည့်နည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုအပေါ် ဘဏ္ဍာရေးအရ ပစ်မှတ်ထားအရေးယူမှုဆိုင်ရာ ထိရောက်စွာ အကောင်အထည်ဖော်မှုများနှင့်ပတ်သက်၍ အသိပညာပေးသည့်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေသည့် အခြေအနေများ၊ အရေးယူ ဆောင်ရွက်ချက်များ၊ ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များသည် ဥပဒေကြောင်းအရ ခိုင်မာသည့် ဥပဒေ၊ ညွှန်ကြားချက်များဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများအပေါ် အဆင့်သတ်မှတ်ချက်များ တိုးမြှင့်ပေးရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရွှေဖုံးမှ*

သိုလှောင်ရေပမာဏ ကေပေ ၁၆၂၆၈၆၀ ရှိပြီး ယခုနွေစပါးစိုက်ပျိုးရာသီတွင် ဆည်ရေသောက်ဧရိယာများဖြစ်သည့် ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ စစ်ကိုင်း၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်၊ ဘုတလင်၊ တန့်ဆည်မြို့များတွင် နွေစပါး၁၄၁၈၉၈ ဧက၊ အခြားသီးနှံ ၁၁၃၃၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ရာမှ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ ဒီပဲယင်းနှင့် အရာတော်မြို့နယ်တို့တွင် အခြားသီးနှံ နွေနှမ်း ၈၄၉၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် အခြားသီးနှံအပေါ် နွေနှမ်းစိုက်ပျိုးမှု ၇၅ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံ(နှမ်း)ပန်းတိုင်အထွက်နှုန်း အောင်မြင်ရေးအတွက် အပင်ဖြစ်ထွန်းမှုအခြေအနေအရ ရေလိုအပ်ချက်ကို နေရောင်ခြည်သုံး Rain Gun များ (ဖျန်းရေ) ဖြင့် ပံ့ပိုးပေးလျက်ရှိသည့်အတွက် တောင်သူများအနေဖြင့် အဆိုပါ Rain Gun များကို အသုံးပြု၍ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သဖန်းဆိပ် ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် တည်ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ကေပေ ၂၈၈၀၀၀၀ ရှိရာ နှစ်စဉ်ပျမ်းမျှ မိုးစပါးဧက ၄၈၃၀၀၀၊ နွေစပါးဧက ၂၃၅၀၀၀ နှင့် အခြားသီးနှံဧက ၃၃၀၀၀ စုစုပေါင်းဧက ၇၅၁၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ပျမ်းမျှ တစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ဒသမ ၆၅၉ခန့် ထုတ်လုပ်ပေးနိုင်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးအတွက် များစွာအကျိုးပြုသည့် ရေလှောင်တမံတစ်ခုဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး

(ပြန်ဆက်)

မြန်မာ - အိန္ဒိယ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့တက်ရောက်သည့် အိန္ဒိယပညာရှင် ငါးဦး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို လေ့လာ

နေပြည်တော် မေ ၁၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရုံးအမှတ် (၂၁) နေပြည်တော်၌ မေ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် မြန်မာ – အိန္ဒိယ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ကြသည့် အိန္ဒိယပညာရှင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည်။

ပါဝင်လေ့လာ

အဆိုပါအဖွဲ့တွင် အိန္ဒိယသမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Dr. Praveen Kumar Somasundaram ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံကိုယ်စားလှယ်၊ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးကိုယ်စားလှယ်နှင့် နေပြည်တော်ရှိ အိန္ဒိယဆက်ဆံရေးရုံးကိုယ်စားလှယ်တို့ ပါဝင်လေ့လာကြကြောင်း သိရသည်။

သတင်းစဉ်

ဆင့်မအကြိမ်မြောက် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၇

ဆဋ္ဌမအကြိမ်မြောက် မြန်မာ – အိန္ဒိယနှစ်နိုင်ငံ လေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်ရန် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မေ ၁၃ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာရာ တပ်မတော်(လေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

မေ ၁၄ ရက်တွင် ဆဋ္ဌမအကြိမ်မြောက် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော် လေတပ်စခန်း၌ ကျင်းပပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲသို့ တပ်မတော်(လေ)မှ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ကျင်းပပြီးစီးခဲ့သော ပဉ္စမအကြိမ် အိန္ဒိယ – မြန်မာ နှစ်နိုင်ငံလေတပ်ချင်း ဆွေးနွေးပွဲဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားရှင်းလင်းပြီး ဆဋ္ဌမအကြိမ် မြန်မာ – အိန္ဒိယနှစ်နိုင်ငံ လေတပ်ချင်း အစည်းအဝေး ခေါင်းစဉ်များကို နှစ်နိုင်ငံ ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ PARK ROYAL HOTEL ၌ အစည်းအဝေး ပြီးမြောက်ခြင်း အထိမ်းအမှတ် ညစာစားပွဲအား တပ်မတော်(လေ)က တည်ခင်းဧည့်ခံခဲ့သည်။

မေ ၁၅ ရက်တွင် အဆိုပါ အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် တပ်မတော် စစ်သမိုင်းပြတိုက်၊ သူရဲကောင်းစစ်သည်ဗိမာန်၊ ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာခဲ့ပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

မေ ၁၆ ရက်တွင် Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်သို့သွားရောက်ခဲ့ရာ တာဝန်ရှိသူတစ်ဦးက လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း၊ အစည်းအဝေးခန်းမ၌ တပ်သမိုင်းအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းခဲ့ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ ထို့နောက် လေယာဉ်ရုံအမှတ်(၁)ကို ဆက်လက်ကြည့်ရှုလေ့လာပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

မေ ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ ***ရှေ့ဖုံးမှ***

မကြာခဏ လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့ရှိနေရသည့်အတွက် YBS ခရီးသည်တင်ယာဉ်များပေါ်တွင် ခရီးသွားပြည်သူများ ကြိုတင်ကာကွယ်သတိပြုမိစေရန် “ခါးပိုက်နှိုက်သတိပြု” စာတန်းပါ စတေကာများလည်း ကပ်နှံသွားမည်ဖြစ်သည်။

“ခါးပိုက်နှိုက်တဲ့ယာဉ်တွေကို ကျွန်တော်တို့ သုံးသပ်ကြည့်တဲ့အခါမှာ CCTV မတပ်ရသေးတဲ့ယာဉ်တွေမှာ ဖြစ်တာများတာ တွေ့ရှိရပါတယ်။ CCTV တပ်ထားတဲ့ယာဉ်တွေပေါ်မှာ နှိုက်လို့ရှိရင် CCTV ကိုကြည့်ပြီးတော့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နဲ့ပူးပေါင်းပြီးတော့ ဖမ်းတာတွေရှိပါတယ်။ အဲဒါကြောင့် CCTV မတပ်ရသေးတဲ့ယာဉ်လိုင်းအားလုံးကို ဇွန် ၃၀ ရက် နောက်ဆုံးထားပြီးတော့ CCTV တပ်ဖို့ ညွှန်ကြားထားပါတယ်။ တပ်ဆင်ခြင်းမရှိရင် ယာဉ်လိုင်းပိတ်တဲ့အထိ အရေးယူတာတွေ ဖြစ်ရင်ဖြစ်သွားနိုင်ပါတယ်။ တပ်ပါလို့ ညွှန်ကြားထားတာ နှစ်နဲ့ချီပြီလည်းဖြစ်ပါတယ်။ သူတို့က အကြောင်းအမျိုးမျိုးပြပြီး မတပ်တာတွေရှိပါတယ်။ ဇွန် ၃၀ ရက် နောက်ဆုံးထားမတပ်လို့ရှိရင်တော့ ထိထိရောက်ရောက် အရေးယူဖို့ရှိပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) သည် YBS ခရီးသွားပြည်သူများအဆင်ပြေစေရေးအတွက် ခရီးစဉ်လမ်းကြောင်းပြ YBS လမ်းညွှန်မြေပုံစတေကာများကို YBS ယာဉ်များပေါ်တွင်ကပ်နှံရန် စီမံဆောင်ရွက်ပေးလျက်ရှိရာ YUPT ကုမ္ပဏီမှ ယာဉ်လိုင်း ၂၄ လိုင်း၊ YBPC ကုမ္ပဏီမှ ယာဉ်လိုင်း ၁၄ လိုင်း၊ ဗန္ဓုလကုမ္ပဏီမှ ယာဉ်လိုင်း ကိုးလိုင်း၊ လူထုမိတ်ဆွေကုမ္ပဏီမှ ယာဉ်လိုင်း ခြောက်လိုင်း၊ ရွှေတောင်ပိုင်းကုမ္ပဏီမှ ယာဉ်လိုင်း ခြောက်လိုင်း၊ ကုန်းဘောင်ရန်ကုန်ကုမ္ပဏီမှ ယာဉ်လိုင်း နှစ်လိုင်း၊ ပြည်စံသူကုမ္ပဏီမှ ယာဉ်လိုင်း ၁၀ လိုင်း စုစုပေါင်းယာဉ်လိုင်း ၇၁ လိုင်းတွင် စတေကာများ တပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် နေ့စဉ် YBS ယာဉ်လိုင်း ၁၃၁ လိုင်းမှ ယာဉ်အစီးရေ ၃၈၀၀၊ ၄၀၀၀ ဖြင့် ခရီးသည် ၁၆ သိန်းခန့်အား သယ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **အာကာလင်း**

တောင်ကြီးမြို့၌ လူငယ်စကားဝိုင်းကျင်းပ

တောင်ကြီး မေ ၁၇

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တောင်ကြီးခရိုင် လူငယ်ရေးရာကော်မတီနှင့် သားဖွားသင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စကားဝိုင်းတွင် ခရိုင်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လှိုင်က ယနေ့ လူငယ်များအနေဖြင့် မိမိတို့၏ မျှော်မှန်းချက်၊ မိမိတို့၏ အနာဂတ်အတွက် လူငယ်စကားဝိုင်းမှ တစ်ဆင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ သိရှိအောင် တင်ပြဆွေးနွေးပြောဆိုခြင်းဖြင့် နောင်အနာဂတ်ကာလတွင် လူငယ်များအတွက် ကောင်းမွန်သည့် အနာဂတ်ကို မလွဲမသွေ ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နန်းဆိုင်ခမ်းက လူငယ်စကားဝိုင်း ကျင်းပဖြစ်ပုံနှင့် စပ်လျဉ်း၍လည်းကောင်း၊ တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက လူငယ်စကားဝိုင်း ကျင်းပရသည့်ရည်ရွယ်ချက်များကို လည်းကောင်း ရှင်းလင်းပြောကြားပြီး လူငယ်စကားဝိုင်းကို ခေါင်းစဉ်လေးမျိုးဖြင့် ဆွေးနွေးခဲ့ကြောင်းနှင့်လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးတင့်လှိုင်က အားကစားအထောက်အကူပြု ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ထားဝယ် မေ ၁၇
တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသအတွင်းနေထိုင်ကြသောပြည်သူများ စားဝတ်နေရေးအဆင်ပြေပြီး လည်ပတ်နိုင်ရန် အဓိက အရေးကြီးကြောင်း၊ အဝေးပြေးကွင်း ကားဂိတ်သည် တိုင်းမြို့တော်ကားဂိတ်ဖြစ်သော်လည်း ကားဂိတ်၏လိုအပ်ချက်များ၊ တိုင်းဒေသကြီးမြို့တော်ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် လျော်ညီသည့် ယာဉ်ရပ်နားကွင်းဖြစ်ရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်သားဖြစ်သည့်အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုဆိုပါကြောင်း၊ ထားဝယ်ဒေသသည် အခွင့်အလမ်းကောင်း များစွာမျှော်မှန်း၍ ရနိုင်သည့်ဒေသဖြစ်ပြီး ထိုင်းနိုင်ငံနှင့် နီးစပ်သောကြောင့် အသီးအနှံများ၊ ကုန်စည်များ၊ သားငါးကဏ္ဍ၊ ခရီးသည်များအား ကန်ချနာဘူရီသို့ အလည်အပတ်ပို့ရန်အပါအဝင် များစွာ တန်ဖိုးရှိကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုသည် ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သောကြောင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ စိစစ်တွေ့ရှိချက်အား ရှင်းလင်းတင်ပြပြီး ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ကွင်းအမှတ် (၁၀၄)၊ သပြေချောင်းကျေးရွာအုပ်စု ထားဝယ်မြို့နယ်ရှိ မြေဧက ၂၀ ဒသမ ၁၅ ဧကပေါ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိသော Khant Shwe Pyi Co.,Ltd. က တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြန်မာ - တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်မှ တရုတ်ခရီးသွားများ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသို့ လာရောက်လေ့လာကြပြီး သစ်ပင်စိုက်ပျိုးပွဲတော်တွင် အမှတ်တရသစ်ပင်များ စိုက်ပျိုးခဲ့

ညောင်ဦး မေ ၁၇
မြန်မာ – တရုတ်ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အဖြစ် လိုက်ပါလာသည့် တရုတ်ခရီးသွားများသည် မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သမိုင်းဝင် အထင်ကရဘုရားများ ဖူးမြော်လေ့လာကြပြီး သစ်ပင်စိုက်ပွဲတော်တွင် သစ်ပင်များစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြန်မာ – တရုတ် ခရီးသွားမြှင့်တင်ရေးအဖွဲ့နှင့် ပူးပေါင်း၍ တရုတ်ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ ပုဂံခရီးစဉ်ဒေသသို့ ရောက်ရှိလာပြီး အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရား၊ သဗ္ဗညုဘုရားတို့အား ဖူးမြော်လေ့လာကြပြီး ဦးဘငြိမ်း မြန်မာ့လက်မှု ယွန်းထည်လုပ်ငန်းအား လေ့လာခြင်းနှင့်အရောင်းပြခန်းရှိ ယွန်းထည်ပစ္စည်းများကို ကြည့်ရှုလေ့လာကြကာ ညနေပိုင်းတွင် နန္ဒာစားသောက်ဆိုင်ရှိ မြန်မာ့ရိုးရာ အမြင့်သဘင်ရုပ်သေးဖြင့် ကပြဖျော်ဖြေမှုများကို လေ့လာကြသည်။ မေ ၁၇ ရက် နံနက် ၇ နာရီတွင် အမှတ်(၆) ရပ်ကွက်ရှိ အောင်မြေသာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အမှတ်တရသစ်ပင်များစိုက်ကြရာ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်တို့က မြန်မာ – တရုတ် ခရီးသွားမြှင့်တင်ရေးအဖွဲ့ တရုတ်နိုင်ငံသူ နိုင်ငံသားများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

မြန်မာ – တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်မှ တရုတ်ခရီးသွားများ သစ်ပင်စိုက်ပျိုးပွဲတော်တွင် အမှတ်တရသစ်ပင်များ စိုက်ပျိုးကြစဉ်။

ဆက်လက်၍ ရွှေစည်းခုံဘုရားနှင့် မနူဟာဘုရားတို့အား ဖူးမြော်လေ့လာကြပြီး အမှတ်(၅)ရပ်ကွက်ရှိ ရွှေဂူ မိဘမဲ့ပရဟိတဘုန်းတော်ကြီးသင်ပညာရေး မူလွန်ကျောင်း ရှိ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်ကြသည်။ ထို့နောက် ညောင်ဦးမြို့ မဏိစည်သူဈေးကို ဆက်လက်လေ့လာကြပြီး ညနေပိုင်းတွင် နန်းမြင့်မျှော်စင်ပေါ်မှ ပုဂံဒေသ၏ နေဝင်ဆည်းဆာအလှကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ဒီပါလင်း

မြို့သစ်မြို့နယ်၌ ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဟောပြော

မြို့သစ် မေ ၁၇
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် နဘဲကုန်းအုပ်စု ကိုရုံတောင်ကျေးရွာ၌ ယခုနှစ် ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုမှ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ မေ ၁၆ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဉာဏ်မြင့်နှင့် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများက ကိုရုံတောင်ကျေးရွာရှိ ဝါစိုက်ပျိုးထုတ်လုပ်သူ တောင်သူများကို ဝါသီးနှံကြီးထွားဖွံ့ဖြိုးမှုနှင့် အဆင့်အလိုက် ဆောင်ရွက်ရမည့်အချက်များ၊ စိုက်ပျိုးမှုနည်းစနစ်များကို ရှင်းလင်းပို့ချပြီး တက်ရောက်လာသော ဝါစိုက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ ဝါစိုက်ပညာရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားသည်။ ဟောပြောပွဲသို့ ဒေသခံ ဝါစိုက်တောင်သူ ၅၇ ဦး တက်ရောက်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

ကိုဇော်(မြို့သစ်)

ပြင်ဦးလွင်မြို့၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ပြင်ဦးလွင် မေ ၁၇
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ရာသီဥတုပြောင်းလဲမှု လျော့ချရေး၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ရပ်ကွက်ကြီး (၉) ရှိ ဒိုးကွင် အမြဲတမ်းပျိုးဥယျာဉ်၌ ကျင်းပရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူက ရာသီဥတုပြောင်းလဲမှုနှင့် သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇာနည်ထွန်းက သစ်တောများမှ ပေးစွမ်းနိုင်သောအကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး ဒိုးကွင်ပျိုးဥယျာဉ်အတွင်း ၂၀၂၄ ခုနှစ် မိုးရာသီအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေ၊ မြန်မာ့ရှားပါး သစ်ခွမျိုးစိတ်များ မျိုးရိုးဗီဇထိန်းသိမ်းခြင်း သစ်ခွခြံတွင် သစ်ခွမျိုးစိတ်များ ထိန်းသိမ်းထားရှိမှုအခြေအနေနှင့်ဆေးဖက်ဝင် ဂမုန်းမျိုးစိတ်များ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကို ပျိုးဥယျာဉ်အတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ပြီးမြောက်အောင်မြင်ခြင်းဂုဏ်ပြုပွဲကျင်းပ

ဘားအံ မေ ၁၇

ပညာရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စာမတတ်သူ ပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကရင်ပြည်နယ်အတွင်း မြို့နယ်များရှိ စာသင်ဝိုင်းများတွင် ပံ့ပိုးကူညီပေးကြသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သင်ကြားပို့ချပေးခဲ့ကြသည့်နည်းပြများ၊ ကြီးကြပ်များကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ စာသင်သားများအနေဖြင့်လည်း အရေး၊ အဖတ်စွမ်းရည်များ ပပျောက်သွားခြင်းမရှိရလေအောင် အားလပ်ချိန်များတွင် ဆက်လက်၍ အသိပညာဗဟုသုတများတိုးပွားစေသော စာပေများ ကြိုးစားဖတ်ရှုနေကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၏ ကဏ္ဍတစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ၌ ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး(**အပေါ်ပုံ**) သင်ယူပြီးမြောက်ခဲ့သည့် စာသင်သားများကိုယ်စား စာသင်သားတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကာ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို အတူတကွ ကြည့်ရှုကြသည်။

ယင်းနောက် လှိုင်ဝါးကျေးရွာ စာသင်ဝိုင်းအဖွဲ့မှ စာသင်သားများက ဒုံးယိမ်းအကဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တက်ရောက်လာသူများက ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ကာ ကရင်ပြည်နယ်အတွင်း မြို့နယ်များ၌စာသင်ဝိုင်း ၂၀၃ ဝိုင်း၊ စာသင်သား ၂၃၈၇ ဦး သင်ယူပြီးမြောက်ခဲ့ကြောင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာသင်သား၊ ကြီးကြပ်၊ နည်းပြများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မွန်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီတွင် မြို့နယ်အသီးသီး၌ စိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်သုံးသိန်း စိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

မော်လမြိုင် မေ ၁၇

မွန်ပြည်နယ်တွင် သဘာဝသစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးနှင့် သစ်တောပြုန်းတီးမှုများ လျှော့ချနိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ မြိုင်သာယာ (အမြဲတမ်း) ပျိုးဥယျာဉ်နှင့် မုဒုံမြို့နယ် တာပသွန် (အမြဲတမ်း) ပျိုးဥယျာဉ်တို့၌ မိုးရာသီတွင် စိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (**အောက်ပုံ**)

ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ မြိုင်သာယာ (အမြဲတမ်း) ပျိုးဥယျာဉ်နှင့် မုဒုံမြို့နယ် တာပသွန် ကျေးရွာရှိ သစ်တောဦးစီးဌာန တာပသွန် (အမြဲတမ်း) ပျိုးဥယျာဉ်သို့ သွားရောက်၍ မိုးရာသီတွင် စိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များ စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်းရှိ ပျိုးဥယျာဉ်အတွင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်မြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများနှင့် ဒီရေတောပျိုးပင် စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မွန်ပြည်နယ် အနေဖြင့် သစ်တောဦးစီးဌာန (အမြဲတမ်း) ပျိုးဥယျာဉ်များ၌ ၂၀၂၄ ခုနှစ် မိုးရာသီတွင်မြို့နယ်အသီးသီးတွင် စိုက်ပျိုးမည့် သစ်ပင်အမျိုးအစားအလိုက် လူထုဖြန့်ပျိုးပင်ရေသုံးသိန်းကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)

ဥတ္တရသီရိမြို့နယ်၌ ၂၀၂၄-၂၀၂၅ မိုးဆီထွက်သီးနှံအထူးဇုန် မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ အုပ်စုလိုက် တာဝန်ပေးအပ်

နေပြည်တော် မေ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ၂၀၂၄–၂၀၂၅ မိုးဆီထွက်သီးနှံအထူးဇုန် မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ အုပ်စုလိုက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက်ပိုင်းက တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာရှိစိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်အောင် စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးနိုင်က တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စံနှုန်းအထွက်တိုးစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိန်ကိုက်၊ အချိုးကျ မျှတစွာ အသုံးပြုပြီး မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တာဝန်ရှိသူများက ကျေးရွာအုပ်စုအလိုက် မြို့နယ်ကြီးကြပ်ရေးတာဝန်ခံများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်များပေးအပ်ပြီး တက်ရောက်လာသည့်ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးကြကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

ပွဲခါညောင်ရေ သွန်းမြဲပေတည့်

❖ ဖွားပွင့်ဟောစံ မှတ်ရန် ကဆုန်
လပြည့်ကြုံသား မြတ်ဘုရား၏
ထူးခြားပါပေ သံဝေဇနိယ
လေးဌာနမှ ဗုဒ္ဓပွင့်ရာ
ညောင်ပင်သာကို အေးရာအေးကြောင်း
သွန်းလောင်းသမှု ပြုကြအစုံ
ဤကဆုန်တည်း။

❖ မြေသင်းရနံ့ သင်းပျံ့ထုံမွှေး
လေညင်းသွေးလျှင် မင်းလွင်ကမြူး
သည်တန်ခူးကုန် လ ကဆုန်ဝယ်
လွမ်းဖွယ်သာမော သည်တောသည်တောင်
လျှိုမြောင်စိမ့်စမ်း အံ့မခန်းသား
ဖမ်းစားစိတ်ကို အလွမ်းပိုသည်
ပင်ကိုအလှ ကဆုန်လ။

❖ စကားထုံသင်း တုလွတ်ကင်းစွာ
ငှက်ပေါင်းသာသို့ တိမ်ဝါတစ်ဖုံ
ဂဠုန်လိုဝဲ ကောင်းကင်ထဲ၌
ဆင်မြဲရောင်စုံ လှမျိုးကုန်အောင်
သာလွန်ပေစွ ကဆုန်လ။

❖ ဤလ ကဆုန် ဖွဲ့မကုန်သည်
လုံးစုံသာမော တောနှင့်တောင်စွယ်
ခက်ချင်းနွယ်သည့် ဘယ်ဝယ်အရေး
အပူအေးဖို့ သွန်းပေးလျက်သာ
ဖော်သဟာတို့ ပျော်ဖို့အမြဲ
ပွဲခါညောင်ရေ သွန်းမြဲပေတည့်
များထွေလူများ မှတ်ယူသွားလော့။

❖ ပရိဘောဂစေတီ ထိုက်သည်အစဉ်
ဤညောင်ပင်ကို ထာဝစဉ်ရှင်သန်
ရှိရန်အရေး မျှော်တွေးစုပေါင်း
သွန်းလောင်းညောင်ရေ ခေါ်ကြပေသည်
ညောင်ရေသွန်းသည့် ဤပွဲတော်။

ဘိုမျိုး(ရွှေဘို)
ပခုက္ကူဦးအုံးဖေစာမူဆုရ

❑ *ကျောဖုံးမှ*

နေ့ဝှစ်ချ်အသင်းသည် ပွဲချိန်တစ်လျှောက် ဂိုးကန်သွင်းခွင့်လေးကြိမ်သာရရှိသည့်အထိ လိဒ်စ်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သည်။ လိဒ်စ်အသင်းက ဂိုးကန်သွင်းခွင့် စုစုပေါင်း ၁၈ ကြိမ် ရရှိပြီး ဂိုးပေါက်တည့်မတ်မှု ၁၁ ကြိမ်တွင် လေးကြိမ် ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။

နောက်ဆုံးရရှိသည့် သတင်းများအရ နေ့ဝှစ်ချ်အသင်းသည် လိဒ်စ်အသင်းကို ရှုံးနိမ့်ပြီးနောက် မကြာမီတွင် အသင်းနည်းပြဖြစ်သူ ဒေးဗစ်ဝက်ဂ်နာကို ထုတ်ပယ်လိုက်ကြောင်း သိရသည်။ လိဒ်စ်အသင်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် ဆောက်သမ်တန်နှင့် ဝက်စ်ဘရွန်းအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲကို မေ ၂၆ ရက်တွင် ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ချန်ပီယံရှစ်ပြိုင်ပွဲ ရာသီပိတ်သိမ်းချိန်တွင် ပရီမီယာလိဂ်သို့ လက်စတာနှင့် အစ်ဆွစ်ချ်အသင်းတို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး အဆင့်(၃) မှ အဆင့်(၆) အတွင်း ဝင်သည့်အသင်းများက ရှုံးထွက်အဆင့်ပွဲစဉ်များယှဉ်ပြိုင်ကာ အနိုင်ရဗိုလ်စွဲသည့်အသင်းသာ ပရီမီယာလိဂ်တန်းတက်ခွင့်လက်ကျန်တစ်နေရာကို ရရှိမည် ဖြစ်သည်။ **အောင်ဇော်**

ဟားခါးမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ချေးမှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟားခါး မေ ၁၇

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ချေးမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄)ကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေသည် ချင်းပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန် ထုတ်ချေးပေးခြင်းဖြစ်သော်လည်း တရားဥပဒေစိုးမိုးမှုအခြေအနေအရ ပြည်သူလူထုထံသို့ ထုတ်ချေးပေးနိုင်မှု အားနည်းနေသေးကြောင်း၊ ချေးငွေထုတ်ချေးပေးမှုနှင့်ပတ်သက်၍ လျင်မြန်မှုထက် လုံခြုံစိတ်ချရမှုကို ဦးစားပေးမှသာ စီမံကိန်းရည်ရှည်တည်တံ့နိုင်မည်ဖြစ်သကဲ့သို့ မလိုအပ်ဘဲ ကြန့်ကြာမှုများမဖြစ်အောင်လည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးပေးမှုနှင့်ပတ်သက်၍ မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီက အရေးကြီးဆုံးဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးပေးနိုင်မှုအခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

၂၀၂၄ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ် ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများအကြောင်း သိကောင်းစရာ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မေလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ ဒေါက်တာမြင့်သန်း (အမျိုးသားစာပေဆုရ)တို့၏ "ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများအကြောင်း သိကောင်းစရာ" မျက်နှာဖုံးဆောင်းပါးများ၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုကိုအောင် (အလုပ်သမား)၊ စံမြတ်ဘုန်း (စစ်ကိုင်း)၊ ဇော်သူကျော်၊ ဒေါက်တာ လွင်သန့်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ သန့်လွင်ထွန်း (MPA)၏ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆောင်းပါး၊ စောနိုင် (အသုံးချဘောဂဗေဒ)၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာဆောင်းပါး၊ ရန်ကုန်ဌေးဇော်၊ မြသိန်းတို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ K.M.A၏ မသန်စွမ်းသူများဆိုင်ရာဆောင်းပါး၊ ထက်ဝေအောင် (စစ်ကိုင်း)၏ ကလေးအလုပ်သမားဆိုင်ရာဆောင်းပါး၊ ဒေါက်တာကောင်းစံ၏ အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ရဲထက်ဇော်တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ နေညိုယဉ်၊ ဆောင်းဝင်းလတ်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၃၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၁၁-၈၂၄၉၁၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျိုက်ထိုမြို့နယ်၌ အမှတ်(၈၂)အစုန် မော်လမြိုင်-ရန်ကုန် အမြန်ရထား လမ်းချော်မှုဖြစ်ပွား

ကျိုက်ထို မေ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထိုဘူတာနှင့် ကျိုက္ကသာဘူတာအကြားတွင် မေ ၁၆ ရက်က အမှတ်(၈၂)အစုန် မော်လမြိုင် - ရန်ကုန်အမြန်ရထား စက်ခေါင်း အမှတ် (DF-2084) လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မေ ၁၆ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်ဘူတာမှ စက်ခေါင်းမောင်း ဦးဖြိုးဝေအောင် မောင်းနှင်လာပြီး ရိုးရိုးတန်း ရှစ်တွဲ၊ အထက်တန်း ခြောက်တွဲ၊ လူစီးဘရိတ်တွဲ တစ်တွဲပါ၍ ခရီးသည် ၅၃၀ လိုက်ပါလာသည့် အဆိုပါရထားသည် မွန်းလွဲ ၁ နာရီခန့်တွင် ကျိုက်ထိုဘူတာနှင့် ကျိုက္ကသာဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ် (၉၁/၅) နှင့် (၉၁/၁၁)အကြား၌ ရထားစက်ခေါင်းတွဲနှင့် ရိုးရိုးတန်းတွဲအမှတ်(၁)တို့ လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ရထားလမ်းချော်မှု ဖြစ်ပွားသည့်နေရာသို့ နယ်မြေခံတပ်မှ ဗိုလ်မှူး သန့်ဇော်ဝင်းနှင့် တပ်မတော်သားများ၊ ကျိုက်ထိုမြို့မရဲစခန်းမှ ဒုရဲအုပ် ဝင်းကြိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅)ရထားရဲတပ်ဖွဲ့(ခွဲ) မော်လမြိုင်မှ ဒုရဲအုပ် ကျော်ဆွေဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လမ်းရှင်းလင်းခြင်းနှင့် ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာစာ မြန်မာစကား

မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။

ဖူး၊ ဘူး

မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာအဘိဓာန်တွင် **ဖူး** ကို **ဖူးတွေ့၊ ဖူးမြော်၊ ဖူးရောင်၊ ဖူးထွက်၊ ဖဲတွင်ဖူး** ဟူသော အနက်များကို ပြပြီးနောက် "**ဖူး**၊ စည်း-ကြုံတွေ့သိမြင်၊ ဖြစ်ပျက်ခဲ့ပြီးကြောင်း ထင်ရှားစေသည့်စကားလုံး" ဟု ဖွင့်ဆိုထားသည်။ **စည်း** မှာ **ပစ္စည်း** ဟု ဆိုလိုသည်။

ဘူး ကို **ဘူးသီး၊** ထည့်စရာ**ဘူး** ဟူသောအနက်များကို ပြပြီးနောက် "**ဘူး**၊ စည်း-ငြင်းပယ်သော အနက်ဖြင့် ကြိယာကို ထောက်ကူသောစကားလုံး"ဟု ဖွင့်ဆိုထားသည်။

ဤတွင် အခြား **ဖူး** အနက်၊ **ဘူး** အနက်များအကြောင်း ရှင်းပြလိုရင်း မဟုတ်ပါ။ ပစ္စည်းစကားလုံးဖြစ်သော **ဖူး** နှင့် ပစ္စည်းစကားလုံးပင်ဖြစ်သော **ဘူး** တို့ အသုံးမတူကြောင်း ခွဲခြားမှတ်သားရန်အကြောင်းကို ရှင်းပြလိုရင်း ဖြစ်သည်။

ဖူး ၏ မူလအနက်မှာ "**ပူးယှဉ်ခြင်း၊ ထိတွေ့ခြင်း၊ ကြုံကြိုက်ခြင်း၊ ပေါင်းစည်းခြင်း**"ပင် ဖြစ်သည်။ **ဖူး** ကို ပစ္စည်းအဖြစ် သုံးသောအခါ ထိုမူလအနက်များဖြင့်ပင် ဆိုင်ရာကြိယာကို ထင်ရှားအောင် အထောက်အကူပြုနေသည်ကို တွေ့ရသည်။

သာဓက။ ။

စားဖူးသည် ဆိုသည်မှာ စားသည့်အလုပ်နှင့် စားခြင်းနှင့်ပူးယှဉ်၊ ထိတွေ့၊ ကြုံကြိုက်၊ ပေါင်းစည်းခဲ့သည်မှာ အမှန်ဖြစ်ကြောင်း၊ စားခဲ့သည်မှာ ထင်ရှားကြောင်း ဆိုလိုခြင်းဖြစ်သည်။

မြင်ဖူးသည် ဆိုသည်မှာလည်း မြင်သည့်အမြင်နှင့် မြင်ခြင်းနှင့်ပူးယှဉ်၊ ထိတွေ့၊ ကြုံကြိုက်၊ ပေါင်းစည်းခဲ့သည်မှာ အမှန်ဖြစ်ကြောင်း၊ မြင်ခဲ့သည်မှာ ထင်ရှားကြောင်း ဆိုလိုခြင်းဖြစ်သည်။

တွေ့**ဖူး**သည်၊ မြင်**ဖူး**သည်	ကဲ့သို့သော **ရူပါရုံဆိုင်ရာ**
ကြား**ဖူး**သည်၊ နားထောင်**ဖူး**	သည်ကဲ့သို့သော **သဒ္ဒါရုံဆိုင်ရာ**
နမ်း**ဖူး**သည်၊ အနံ့ရ**ဖူး**သည်	ကဲ့သို့သော **ဂန္ဓာရုံဆိုင်ရာ**
စား**ဖူး**သည်၊ သောက်**ဖူး**သည်	ကဲ့သို့သော **ရသာရုံဆိုင်ရာ**
ပွေ့လောင်**ဖူး**သည်၊ နာကျင်**ဖူး**သည်	ကဲ့သို့သော **ဖောဋ္ဌဗ္ဗာရုံဆိုင်ရာ**
ကြံစည်**ဖူး**သည်၊ စိတ်ကူး**ဖူး**သည်	ကဲ့သို့သော **ဓမ္မာရုံဆိုင်ရာ**

ကြိယာများစွာ၏ နောက်မှနေ၍ ကြိယာကို အထောက်အကူပြုနိုင်ပေသည်။

(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

ပလနစိန့်ဂျိုးဇက်စခန်းမှ နေရပ်အသီးသီးသို့ ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်တွေ့ဆုံထောက်ပံ့

မြစ်ကြီးနား မေ ၁၇

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့်အပြင် လတ်တလော နယ်မြေမတည်ငြိမ်မှုဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းနေထိုင်သူများအား အမိုး၊ အကာဖြင့် နေထိုင်စားသောက်မှု အဆင်ပြေစေရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၆ ရက် ညနေပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပလနစိန့်ဂျိုးဇက်စခန်းမှ နေရပ်အသီးသီးသို့ ရွှေ့ပြောင်းနေထိုင်ကြမည့် မိသားစုများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနား မြို့နယ် ပလနကျေးရွာအုပ်စု ပိတောက်မြိုင်ကျေးရွာရှိ စိန့်ဂျိုးဇက်စခန်း၌ အိမ်ထောင်စုများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ယခုလိုနေရပ်အသီးသီးတွင် အိုးအိမ်ပြန်လည် ထူထောင်ကြမည်ဖြစ်သည့်အတွက် ပြောင်းရွှေ့နေထိုင်စဉ် ကာလအတွင်း စားသောက်မှု အဆင်ပြေစေရေး လာရောက် ထောက်ပံ့ပေးရခြင်း ဖြစ်ပါကြောင်း၊ ထို့အပြင် လိုအပ်ချက်၊ အခက်အခဲများကိုလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါစခန်းမှ မြစ်ကြီးနားမြို့နယ် ပလနကျေးရွာတွင်းနှင့် (၁၀)မိုင်ကျေးရွာတို့တွင် ၎င်းတို့အစီအစဉ်ဖြင့် ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၅၄ စု၊ လူဦးရေ ၃၃၇ ဦးတို့အတွက် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီက ငွေကျပ် ၃၉၉၆၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၄ အိတ်ကိုလည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၁၈၁၇၀၀၀ တန်ဖိုးရှိ ဆီ ၅၄ ဘူး၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်ဖာများကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၁၁၇၂၈၃၀၄ တန်ဖိုးရှိအိမ်ထောင်စုများအတွက် ဆန်ရိက္ခာတစ်လစာ၊ ပြောင်းရွှေ့စရိတ် ၅၄၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

ပြည်နယ်(ပြန်/ဆက်)

ငါးလုပ်ငန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြိုးပမ်း

နေပြည်တော် မေ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး သည် ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် ငွေပင်လယ်ငါးချဆိပ်ကမ်း၌ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ပို့ချသည့် ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်း (၄/၂၀၂၄) သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီးက သင်တန်းသားများနှင့်တွေ့ဆုံစဉ် ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရပါက လုပ်ဆောင်ရမည့် အစီအမံများ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ပင်လယ်ငါးဖမ်းယာဉ်၊ ငါးသယ်ရေယာဉ်များအား စောင့်ကြည့် ထိန်းချုပ်သည့် စနစ်များနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ငါးမဖမ်းရ ရာသီပိတ်ကာလဖြစ်သည့် ဧပြီ၊ မေ၊ ဇွန်လများတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ပင်လယ်ငါးဖမ်းရေလုပ်သားများကို အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကို ငါးချဆိပ်ကမ်းများ၌ ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းတွင် ပင်လယ်ငါးဖမ်းလုပ်ငန်း ရေလုပ်သားများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ကြစေရန်နှင့် လိုက်နာဆောင်ရွက်ရမည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား စနစ်တကျ သိရှိသဘောပေါက်စေရန် ပို့ချဆွေးနွေးပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနစု၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းဝေးခန်းမ(၁)၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဌာနနှင့် အသင်းအဖွဲ့များ၊ ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အနောက်ကြို့ကုန်းရှိ Tow Rivers Company Limited နှင့် Ocean Pacific Cold Storage အအေးခန်းစက်ရုံတို့၏ ပြည်ပသို့တင်ပို့မည့် ရေထွက်ကုန်များ ပြုပြင်ထုပ်ပိုးမှုလုပ်ငန်းများကိုလည်းကောင်း၊ ကြို့ကုန်းငါးချဆိပ်ကမ်းတွင် ငါးဖမ်းလှေများ ထိန်းသိမ်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများ ဖြေရှင်းနိုင်ရန်မြေပြင်ကွင်းဆင်းစစ်ဆေး

မလှိုင် မေ ၁၇

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကြပ်ဆည်ကျေးရွာအုပ်စု ဆပ်ခင်းကြီးကျေးရွာ၌ လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများအရ မြို့နယ် မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့နှင့် အဖွဲ့ငယ်သုံးဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မေ ၁၅ ရက်က မြေပြင်ကွင်းဆင်းစစ်ဆေး စာရင်းကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်သည်။

မလှိုင်မြို့နယ်၌ ပထမဆုံး ကျေးရွာအုပ်စုအဖြစ် ကြပ်ဆည်ကျေးရွာအုပ်စုကို စတင်ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပြီး စာရင်းကောက်ယူရာတွင် လူနေအိမ်၊ ဌာန/အဖွဲ့အစည်း၊ ဘာသာ/သာသနာ၊ စီးပွားရေးလုပ်ငန်းအမျိုးအစားဟူ၍ လေးမျိုးခွဲခြား၍ (SOP) အရ သတ်မှတ်ပုံစံပါ အချက်များကို ကောက်ယူခြင်းဖြစ်သည်။ အဆိုပါစာရင်းကောက်ယူရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ရက်ပေါင်း ၃၀ အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်ထွန်း(မလှိုင်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❖ *ကျောဖုံးမှ*

အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။

ထွန်းမင်းနိုင် (ခ) ဆူလိုင်မန်သည် ONE တွင် ခြောက်ပွဲထိုးသတ်ထားရာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ ထွန်းမင်းနိုင်သည် ဇန်နဝါရီလက မလေးရှားဖိုက်တာနှင့် ထိုးသတ်ပြီးနောက် လေးလဝန်းကျင်အကြာမှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ – ONE Friday MMA

✻ *ကျောဖုံးမှ*

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရည်စစ်ပွဲ ကာလအပြီးတွင် သက်ထားသူဇာသည် ရမှတ် ၃၂၆၃၀ မှတ်ရရှိပြီး အဆင့် ၂၂ ရရှိကာ လက်ရည်စစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ပါရီအိုလံပစ်ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲကာလကို ၂၀၂၃ ခုနှစ် မေ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်အထိ သတ်မှတ်ခဲ့ပြီး သက်ထားသူဇာသည် ယင်းကာလအတွင်း ပြိုင်ပွဲ ၂၃ ခုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လက်ရည်စစ်ပွဲအဆင့် သတ်မှတ်ချက်တွင် အဆင့် ၁ မှ ၁၆ အတွင်း ရပ်တည်နေသူများအနက် တစ်နိုင်ငံလျှင် အများဆုံးနှစ်ဦး ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သော်လည်း အဆင့် ၁၇ နောက်ပိုင်း ရပ်တည်သူများအနေဖြင့် တစ်နိုင်ငံလျှင် အများဆုံးတစ်ဦးသာ ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ပါရီအိုလံပစ်ကြက်တောင်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမား ၃၉ ဦး ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး လက်ရည်စစ်ပွဲအဆင့်မှ ၃၂ ဦး၊ ဖိတ်ကြားခံနှင့် တိုက်ကြီးများအလိုက် ကိုယ်စားပြုကစားသမား ခုနစ်ဦး ပါဝင်မည်ဖြစ်သည်။

သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရပြီးနောက် ယခု ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ သက်ထားသူဇာသည် နှစ်ကြိမ်စလုံး လက်ရည်စစ်ပွဲအောင်မြင်သဖြင့် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

ညီမြတ်သော်တာ

ဓာတ်ပုံ–BWF

မဲနယ်တောင်တန်းပေါ်မှ ဖွံ့ဖြိုးရေးလမ်းကွန်ရက်များ (၂)

ဝ ထ က လ သ(နတလ)

မဲနယ်တောင်တန်းဒေသ လွယ်မောတောင်၏အလှနှင့် တောင်ထိပ်ပေါ်ရှိ ကြည်ညိုဖွယ်ရာ စေတီတော်ကို တွေ့ရစဉ်။

အရေးကြီးသည့် လမ်းပန်းဆက်သွယ်ရေး

ကူးလူးဆက်ဆံမှု ကောင်းမွန်ချောမွေ့ခြင်းသည် လူ့အဖွဲ့အစည်းကို များစွာအကျိုးကျေးဇူးပြုပါသည်။ ဒေသတစ်ခုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကို အမှီသဟဲပြုလျက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်လူမှုနယ်ပယ်အစုံအတွက် ပေါင်းစည်းရှင်သန်ကြရပေသည်။ အရပ်ဒေသတစ်ခုအနေဖြင့် တစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့် တစ်နယ်မှသည် အဆင့်တိုင်း ကူးလူးဆက်သွယ်သွားလာမှု ဖြောင့်ဖြူးချောမွေ့နေပြီဆိုပါက မလွဲမသွေဖွံ့ဖြိုးတိုးတက်ကြသည်ကို တွေ့မြင်နိုင်ပါသည်။

ထို့ကြောင့် နိုင်ငံတော်သည် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို အထူးအလေးပေးလုပ်ဆောင်လျက်ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးခရီးစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးအပါအဝင် ဝန်ကြီးဌာန (ရုံးချုပ်)မှ အရာထမ်းများ၊ အင်ဂျင်နီယာများနှင့် နယ်မြေကွင်းဆင်းစစ်ဆေးရေးအဖွဲ့၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ အဖွဲ့များသည် မဲနယ်တောင်တန်းဒေသနယ်မြေကို အသေးစိတ် မြေပြင်ကွင်းဆင်း၍ အကြိမ်ကြိမ် စစ်ဆေးခဲ့ပါသည်။ ရရှိလာသော အခြေခံအချက်အလက်များအပေါ် သုံးသပ်၍ မဲနယ်တောင်ဒေသ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားအကောင်အထည်ဖော်နိုင်ရေး မဟာဗျူဟာစီမံချက်များအား စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ စီမံကိန်းများတွင် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ များစွာပါဝင်ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဲနယ်တောင်ဒေသသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် တစ်ကြိမ်သွားရောက်ခဲ့ပြီးနောက် ယခု ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင်လည်း ထပ်မံရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဤမဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်းဒေသများ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လမ်းကွန်ရက်ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးဖြစ်ပါသည်။

ကောင်းကလွန်း- လွယ်မိုင်းတောင် မြေလမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းခွင်ကို စစ်ဆေးပြီးနောက် ပန်ကလ - ဒုံလီတန် တစ်မိုင် ငါးဖာလုံ မြေလမ်းသစ် ဖောက်လုပ်ခြင်းနှင့် သုံးမိုင် နှစ်ဖာလုံ အမာခံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပါခက်-ပန်ကလ တစ်မိုင် လေးဖာလုံ မြေလမ်းဖောက်လုပ်ခြင်းနှင့် ပေ ၂၀ တံတား ဆောက်လုပ်ပြီးစီးမှု၊ ပန်စောက်-လဲဉ်းကလ-ဟိုင်းနွဲ့ ၁၀ မိုင် သုံးဖာလုံ မြေလမ်းဖောက်လုပ်နေမှု အခြေအနေများအား ဆက်လက်စစ်ဆေးခဲ့ပါသည်။

လမ်းဘေးရေမြောင်းများ၊ မြောင်းကူးတံတား

■ ဒေသတစ်ခုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကို အမှီသဟဲပြုလျက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်လူမှုနယ်ပယ်အစုံအတွက် ပေါင်းစည်းရှင်သန်ကြရပေသည်။ အရပ်ဒေသတစ်ခုအနေဖြင့် တစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့် တစ်နယ်မှသည် အဆင့်တိုင်း ကူးလူးဆက်သွယ်သွားလာမှု ဖြောင့်ဖြူးချောမွေ့နေပြီဆိုပါက မလွဲမသွေ ဖွံ့ဖြိုးတိုးတက်ကြသည်ကို တွေ့မြင်နိုင်

များ ဆောင်ရွက်ခြင်းနှင့် လမ်းအတက်အဆင်းများ ချောမောပြေပြစ်အောင် ဆောင်ရွက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့သည်လည်း လမ်းဖောက်လုပ်ရေးများတွင် အရေးကြီးလှပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းများကိုလည်း အလေးထားစစ်ဆေးခဲ့သည်။

ဤလမ်းများ၊ တံတားများသည် မဲနယ်တောင်ကြောပေါ်ရှိ တောင်နှင့်မြောက် သွယ်တန်းနေသော လမ်းနှစ်သွယ်အား အရှေ့မှ အနောက်သို့ ဆက်သွယ်ရန် ကွန်ရက်သဖွယ် ဖောက်လုပ်နေခြင်းပင်ဖြစ်ပါသည်။ ထိုသို့ဖောက်လုပ်မှသာ မဲနယ်တောင်ဒေသခံများ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အရပ်လေးမျက်နှာသို့ အလွယ်တကူ သွားလာနိုင်ပေလိမ့်မည်။

လမ်းကွန်ရက်များ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ မဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်းဒေသတို့တွင် ကျောက္ကချား-နတ်စင်-ပန်ကလလမ်း ခြောက်မိုင် လေးဖာလုံ၊ နတ်စင်-ပါခက်-ပန်ကလလမ်း သုံးမိုင် တစ်ဖာလုံ၊ ပါခက်-နောင်လိုင်လမ်း လမ်းတာချဲ့ လေးမိုင် လေးဖာလုံတို့ကို အကောင်အထည်ဖော်ပေးခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပန်ကလ-ဒုံလီတန် မြေသားလမ်း သုံးမိုင် နှစ်ဖာလုံ၊ ပန်စောက်-လဲဉ်းကလ-ဟိုင်းနွဲ့ မြေသားလမ်း ၁၀ မိုင် သုံးဖာလုံနှင့် လပ်တိုင်-နားခိုက်-ဝမ်တီး-ပန်ဟိုင်း-သီဟိုးလမ်း ၁၅ မိုင် တစ်ဖာလုံတို့ကို အဆင့်မြှင့်တင်ပေးခဲ့သည်။ ထို့ပြင် ယခင်ဆောင်ရွက်ပေးခဲ့ပြီး လပ်တိုင်-ထမ့်ယမ်း-နောင်တဗန်-ဆော့ဆားလမ်း လေးမိုင် နှစ်ဖာလုံလမ်းပေါ်ရှိ လမ်းကျဉ်းမြောင်းသည့်နေရာများကို လိုအပ်ချက်အရ လမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ကျောက္ကချား- နတ်စင်- ပန်ကလလမ်းနှင့် နတ်စင်- ပါခက်- ပန်ကလလမ်းပေါ်ရှိ အတက်အဆင်း မတ်စောက်သည့်နေရာများ၌ သွားလာရေး ပြေပြစ်စေရန် တစ်မိုင်ကွန်ကရစ်ခင်းခြင်း၊ ယခင်နှစ်က လမ်းတာချဲ့ပြီးစီးခဲ့သည့် ပါခက် - နောင်လိုင် လေးမိုင် လေးဖာလုံ လမ်းပေါ်တွင် လမ်းပျက်စီးမှုထိန်းသိမ်းပေးရန်လိုအပ်သည့် မြောင်းကူးတံတားနှင့် ရေကျော်များတည်ဆောက်ပေးခြင်း၊ နားမွန်း-ထီအုံစောက်-တနိုင်မွန်လမ်း ၁၀ မိုင် တစ်ဖာလုံ လမ်းတာချဲ့ခြင်းနှင့် မြောင်းကူးတံတား ရှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် လျာထားပေးပြီးဖြစ်ပါသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း ဒုံလီတန်-နားလုံး-ဟိုင်းနွဲ့ လမ်းပိုင်း ကိုးမိုင် နှစ်ဖာလုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပြန်သည်။

လမ်းများညီညာ ပြည်သာယာ

ရွာသစ်- ကျောက္ကချား- ဖက်နမ် လမ်းမကြီးနှင့် ပွန်ချောင်းအကြား မဲနယ်တောင်တန်းဒေသအတွင်း ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာပေါင်း ၅၈ ရွာတွင် အိမ်ခြေ ၄၉၂၂ အိမ်တည်ရှိပြီး နေထိုင်သူလူဦးရေစုစုပေါင်း ၂၅၅၇၁ ဦး ရှိပါသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်းဒေသအတွင်း တောင်- မြောက်- အရှေ့- အနောက် လမ်းကွန်ရက်များ ဖြစ်ပေါ်လာမည်။ ဒေသတွင်းရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်။ ဒေသတွင်းလူမှုစီးပွားဘဝ များစွာတိုးတက်ခြင်းနှင့်အတူ သာယာလှပအေးချမ်းသော ဤဒေသအတွင်း၌ ခရီးသွားလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ချောမွေ့ကောင်းမွန်လာမည်ဖြစ်သကဲ့သို့ စားနပ်ရိက္ခာဖူလုံပြည့်ဝမှု၊ ဒေသများအကြားအလပ်မကျန် ဖွံ့ဖြိုးတိုးတက်မှုများ ခံစားကြရပေတော့မည်။ လမ်းများညီညာ၍ ပြည်သာယာပါစေဟု မုဒိတာပွားလိုက်မိပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဲနယ်တောင်ကြောပေါ် ကျောက္ကချားကျေးရွာမှ ဆိုက်ခေါင်သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ ဆိုက်ခေါင်တွင် နယ်စပ်ဒေသများရှိ လူ့စွမ်းအားအရင်းအမြစ်များ

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် သင်တန်းကျောင်းများရှိပါသည်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ ဖြစ်ပါသည်။ ယင်းကျောင်းများကို ဝင်ရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

လွယ်မိုင်းကအပြန်

မဲနယ်တောင်ကြောမှ ဆိုက်ခေါင်သို့ အဆင်းတွင် လွယ်မိုင်းတောင်ဘက်ကို လည်ပြန်ကြည့်မိရင်း အတိတ်ကာလကို ဆက်စပ်တွေးတောမိပြန်သည်။

စာရေးသူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စစ်မြေပြင်ဆေးတပ်ရင်း၌ တာဝန်ထမ်းဆောင်စဉ်ကာလဖြစ်သည်။ တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာထင်အောင်ဖြစ်သည်။ သူသည် ရန်ကုန်ဆေးတက္ကသိုလ်မှ MBBS ဘွဲ့ရ ဆရာဝန်တစ်ဦးဖြစ်ပါသည်။ သူက ထိုလွယ်မိုင်းတောင် လေယာဉ်ပျက်ရှာဖွေရေးစစ်ဆင်ရေး၌ ဆေးမှူးအဆင့်နှင့် Medical Cover အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ တပ်ရင်းမှူးနှင့် စကားလက်ဆုံကျရင်း လေယာဉ်ပျက်ကျပုံ၊ လေယာဉ်ပျက်ကျသည့် လျှိုထဲသို့ ခက်ခက်ခဲခဲဆင်းရပုံ၊ ပြန့်ကျဲနေသော Body များ စုစည်းရပုံ၊ Body များ စံဖူးကျေးရွာတွင် စုစည်းထားပုံများကို အသေးစိတ်ပြောပြခဲ့ဖူးသည်။ လေယာဉ်မှူးက "ဦးမက်စ်တူး"၊ လေယာဉ်မယ်က "ဒေါ်ပေါက်ပေါက်"ဟုလည်း ပြောပြခဲ့ပါသည်။

ထိုစဉ်ကာလများက ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့က ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်း (ဆရာဝန်များ) နည်းဥပဒေများအရ နိုင်ငံတော်သည် ဆရာဝန်များအား စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်ပါသည်။ ဆေးတက္ကသိုလ်များမှ ကျောင်းပြီးပါက ပြည်သူ့စစ်မှုထမ်းဆရာဝန်အဖြစ် အမှုထမ်းရွက်ရန် **"ဆရာဝန်တစ်ဦး စစ်မှုထမ်းရမည့်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့် ကာလအပိုင်းအခြားသည်၊ နှစ်နှစ်ဖြစ်သည်။ သို့သော်လည်း အစိုးရက လိုအပ်သည်ဟု ယူဆလျှင် ထိုသို့ စစ်မှုထမ်းရမည့်၊ သို့တည်းမဟုတ် အမှုထမ်းရွက်ရမည့် ကာလအပိုင်းအခြားကို နောက်ထပ်တစ်နှစ် တိုးနိုင်သည်**"ဟု ဖော်ပြထားပါသည်။ စစ်မှုထမ်းကာလပြည့်ပါက တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်သည်။ စစ်မှုမထမ်းလိုပါကလည်း နယ်ဘက်ဆရာဝန်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပါသည်။ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာထင်အောင်ကတော့ စစ်မှုတာဝန် ဆက်လက်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

စံဖူးရွာသားတွေက ရှာဖွေရေးတွေလုပ်၊ တောင်ပေါ်တက်၊ လျှိုထဲဆင်း၊ ငွေကြေးအကျိုးအမြတ်မပါ၊ စေတနာသက်သက်ဖြင့် တစ်လနီးပါးခန့် လုပ်အားပေးခဲ့ကြသည်။ လမ်းခရီးခက်ခဲကြမ်းတမ်းချိန်မို့ ကျန်ရစ်သူမိသားစုများ မလာရောက်နိုင်ကြ။ ဟိုပုံးတွင်စု၍ သင်္ဂြိုဟ်ကြရသည်။ ဒေသခံများက ကွယ်လွန်သူများအား ရည်စူး၍ လေယာဉ်ပျက်ကျသည့်နေရာတွင် ကောင်းမှုကုသိုလ်များပြုလုပ်ကြပြီး အမျှအတန်းပေးဝေခဲ့ကြသည်ဟု ဆိုပါသည်။

ထူးဆန်းချက်များရှိပါသည်။ ယနေ့အချိန်အထိ လေယာဉ်ဝမ်းဗိုက်နှင့် ရှပ်တိုက်သွားသည့် ကမ်းပါးတစ်လျှောက် ကိုက် ၅၀၀ လောက်မှာ မည်သည့် သစ်ပင်မှ မပေါက်တော့။ စွပ်ကြောင်းအတိုင်းသာ ရှိနေခဲ့သည်။ ထိုနေရာကလေး၌ လေယာဉ်ပျက်ကျမှုအထိမ်းအမှတ် မှတ်တိုင်လေးတစ်ခု စိုက်ထူထားရှိသည်။ လူတစ်ရပ်ခန့်ရှိသည့် မှတ်တိုင်၏တိုင်ခြေမှာ ကျောက်တုံးလေးများ စုပုံထားရှိသည်။ မှတ်တိုင်၏ ဘေးပတ်ဝန်းကျင်မှာတော့ ဝါးပင်များ ပေါက်နေသည်။

ထိုမှတ်တိုင်၏ အလွန်မှာ လေယာဉ်ပျက်ကျသည့် ချောက်ကမ်းပါးတစ်ခုရှိနေ၏။ မြူတွေ တရိပ်ရိပ်တက်ပြီး ဖြူဖွေးနေသည်မို့ မြင်ကွင်းက ဝေဝါးနေသည်။ ဝေဝေဝါးဝါး မြင်ကွင်းကြားမှ ကွယ်လွန်သူတို့၏ ဝိညာဉ်များ ရိုးတိုးရိပ်တိတ် လှုပ်ရှားနေမည်လား အတွေးများဖြင့် ရှာကြည့်မိသေးသည်။

တည်ဆောက်သူများသည်

မဲနယ်တောင်တန်းဒေသအတွက် ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို တွေးတောမှုဒိတာပွားရင်း "ကဗျာ"လေးတစ်ပုဒ်ကို အမှတ်ရမိသည်။ နာမည်ကျော် ကဗျာဆရာမကြီး **Will Allen Dromgoole** ရေးသားသည့် **"The Bridge Builder"** ဆိုသည့် ကဗျာလေးဖြစ်၏။ မူရင်းကဗျာအနက်မှအချို့ကို ကောက်နုတ်ချက်ဖော်ပြရလျှင်–

An old man going a lone highway,
....
The old man crossed in the twilight dim,
The sullen stream had no fear for him;
But he turned when safe on the other side
And built a bridge to span the tide.
"Old man," said a fellow pilgrim near,
"You are wasting your strength with building here;
....
You've crossed the chasm, deep and wide,
Why build this bridge at evening tide?"
....
"Good friend, in the path I have come," he said,
"There followed after me to-day
A youth whose feet must pass this way.
This chasm that has been as naught to me
To that fair-haired youth may a pitfall be;
He, too, must cross in the twilight dim;
Good friend, I am building this bridge for him!"

ခေါင်းစဉ်အား မြန်မာမှုပြုပါက **"တံတားတည်ဆောက်သူ"**ဟု အဓိပ္ပာယ်ရနိုင်ပါသည်။ ကဗျာ၏သဘောမှာ–

"အဘိုးကြီးတစ်ယောက် ခရီးသွားတယ်၊ ချောက်တစ်ခုကိုတွေ့တယ်၊ ခက်ခက်ခဲခဲဖြတ်ကျော်ရတယ်၊ တစ်ဖက်ကမ်းရောက်တော့ သူဖြတ်ခဲ့ရတဲ့ ချောက်မှာ တံတားတစ်စင်း ထိုးလိုက်တယ်၊ ဘေးနားရှိ လူတစ်ဦးကပြောတယ်၊ ဒီချောက်ကို ဖြတ်ပြီးပြီပဲ ဘာပြုလို့ တံတားထိုးရတာလဲတဲ့၊ ဒီတော့ သူကပြန်ပြောတယ်၊ နောက်မှာ လူငယ်တစ်ယောက်လာနေတယ်၊ သူမပင်ပန်းအောင် တံတားထိုးပေးတာပါတဲ့။"

စာရေးသူတို့ မူလတန်းအရွယ်က သင်ကြားခဲ့ရဖူးသည့် နောင်လာနောက်သားတို့ အသီးအပွင့်များ အသင့်ခူးယူစားသုံးနိုင်ရန်အတွက် သရက်ပင်စိုက်ပျိုးပေးခဲ့သည့် အဘိုးအိုပုံပြင်နှင့် ဆင်တူပါသည်။

ဤဒေသတွင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မိမိတို့အသုံးပြုရန်၊ မိမိတို့အကျိုးခံစားရန်၊ မိမိတို့ဖြတ်ကျော်နင်းလျှောက်ရန်အတွက်မဟုတ်။ ဒေသတွင်းရှိ ဆက်ခံသူတို့ အနာဂတ်ဘဝများ သာယာလှပစေရေးအတွက် ရည်ရွယ်၍ စေတနာအပြည့်ဖြင့် ပုံဖော်တည်ဆောက်ပေးနေခြင်းသာ ဖြစ်ပေသည်။

အကျိုးရှိရှိအသုံးပြုရန်လိုအပ်

နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ဒေသများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများသည် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုအပေါ် များစွာအခြေခံပါသည်။ ထို့ကြောင့် ကျေးလက်လမ်းပန်းဆက်သွယ်ကောင်းမွန်မှုသည် အဓိကအရေးကြီးသော ကဏ္ဍတစ်ခုပင်ဖြစ်၏။ ဒေသအသီးသီးတွင် တစ်နှစ်ပတ်လုံး သယ်ပို့ရောင်းချနိုင်ရန် ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် လမ်းကွန်ရက်များ များစွာလိုအပ်နေဆဲပင် ဖြစ်ပါသည်။

နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ဒေသများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများသည် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုအပေါ် များစွာအခြေခံပါသည်။ ထို့ကြောင့် ကျေးလက်လမ်းပန်းဆက်သွယ် ကောင်းမွန်မှုသည် အဓိကအရေးကြီးသော ကဏ္ဍတစ်ခုပင်ဖြစ်၏။ ဒေသအသီးသီးတွင် တစ်နှစ်ပတ်လုံး သယ်ပို့ရောင်းချနိုင်ရန် ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် လမ်းကွန်ရက်များ များစွာလိုအပ်နေဆဲ

ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ ဌာနအသီးသီးသည် ရည်မှန်းချက်များ၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ပြီး ဒေသအသီးသီးတွင် လမ်းတံတားဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများကို ကွန်ရက်သဖွယ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒေသခံများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လိုသည့်စိတ်များ ဆတက်ထမ်းပိုး မွေးမြူကြရပေလိမ့်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိန်းသိမ်းကြရန် လိုအပ်ပါလိမ့်မည်။ ဒေသ၏ငြိမ်းချမ်းမှု အစဉ်တည်တံ့နေစေရေး ဝိုင်းဝန်းစောင့်ရှောက်ရန်လည်း လိုအပ်ပါလိမ့်မည်။ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြတ်နိုးတန်ဖိုးထားကြရန်နှင့် အကျိုးရှိရှိ အသုံးပြုကြရန်လည်း အထူးလိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်ပေးခဲ့သည့် မဲနယ်တောင်တန်းဒေသ ပန်စောက်–လဲဉ်းကလ– ဟိုင်းနွဲ့ လမ်းပိုင်းတစ်နေရာ။

နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် မဲနယ်တောင်တန်းဒေသ လပ်တိုင် – ပင်အွန် လမ်းပိုင်းတစ်နေရာ။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခ လွှတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁) ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	သင်္ချာဝေါဟာရများ	ဒေါက်တာခင်မောင်ဝင်း (သင်္ချာ)	ဦးခိုင်ညွန့် ဆိပ်ကမ်းသာစာပေ
၂။	ကုံးကော်ဝတ်မှုန် အထက်တန်းဆင့် ပုံစံသစ် စာစီစာကုံးနှင့် အဆိုဆွေးနွေးအရေးအသား	ဒေါက်တာရဲအောင်(ခ) ဒေါက်တာမင်းထက်	ဦးဆန်းအောင်သူ ပဋ္ဌာန်စာအုပ်တိုက်
၃။	အောင်မြင်ခြင်းသီအိုရီ	Acid	ဦးခင်မောင်ကြည် လောကသစ္စာ စာပေတိုက်
၄။	မြန်မာ့သမိုင်းဆိုင်ရာဖတ်ညွှန်း ၁၁၁	ဖိုးအောင်လေး	ဦးစည်သူဝင်း လမ်းသစ်စာပေ

ပြန်ကြားရေးဝန်ကြီးဌာန

နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက် အပိုင်းအခြားအတိုင်း ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ကျိုင်းတုံမြို့နယ်အတွင်း ကျေးရွာသူကျေးရွာသား ၃၃၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

ကျိုင်းတုံ မေ ၁၇

ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု ပင်းတောက်ရွာရှိ အခ်န် လူမျိုးများအား အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးမှုကို ယနေ့တွင် မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စု ၆၁ စု၊ အသက် ၁၀ နှစ်ပြည့် ကျား ၇၄ ဦး + မ ၆၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ကျား ၁၁၇ ဦး + မ ၁၀၆ ဦး စုစုပေါင်း ကျား ၁၉၁ ဦး+ မ ၁၆၈ ပေါင်း ၃၃၅ ဦးတို့အား ကွင်းဆင်းဆောင်ရွက် ထုတ်ပေးပြီး Biometric Data (UID) ကတ်ကိုလည်း တစ်ပါးတည်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

အလားတူ ကျိုင်းတုံမြို့နယ်ဦးစီးမှူးရုံးတွင်လည်း မိဘပြည်သူများအား Biometric Data (UID) ကတ် အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

(၇၄) ကြိမ်မြောက် ဖီဖာကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်

ရန်ကုန် မေ ၁၇

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ (၇၄) ကြိမ်မြောက် ကွန်ဂရက်ကို မေ ၁၇ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ စီနီယာ ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးများဖြစ်သည့် ဦးထွန်းထွန်းအောင်နှင့် ဦးစည်သူဝင်းတို့ တက်ရောက်သည်။

ယင်းကွန်ဂရက်သို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် ဖီဖာအမှုဆောင်အဖွဲ့ဝင်များ၊ ဥရောပ၊ အာရှ၊ တောင်အမေရိက၊ မြောက်အမေရိက၊ အာဖရိကဘောလုံးကွန်ဖက်ဒရေးရှင်းများ၊ ဖီဖာအဖွဲ့ဝင်နိုင်ငံ အသီးသီးမှ အဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဘောလုံးနယ်ပယ်ပေါင်းစုံမှ ကျွမ်းကျင်ပညာရှင်များနှင့် နာမည်ကျော် ကစားသမားဟောင်းများ၊ ကော်မတီအဖွဲ့ဝင်များတက်ရောက်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲများ၊ အမျိုးသမီး၊ လူငယ်ပြိုင်ပွဲများ၊ အထွေထွေဖွံ့ဖြိုးရေးအစီအစဉ်များ အစရှိသည့် ကဏ္ဍအသီးသီး ဆွေးနွေးဆုံးဖြတ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပသည့် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်ကိုလည်း တက်ရောက်ပြီး ယင်းကွန်ဂရက်တွင် ပေးအပ်သည့် အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆုတစ်ခုဖြစ်သည့် AFC Distinguished Service Award ရရှိခဲ့သည်။

ကိုညီလေး

မြန်မာအမျိုးသမီးလိဂ် ပွဲစဉ် (၃) တွင် ထိပ်ဆုံးမှ ရန်ကုန်အသင်း ပွဲကျပ်ထပ်မံကစားရမည်

ရန်ကုန် မေ ၁၇

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)ကို မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲကျပ်ထပ်မံကစားရမည်ဖြစ်သည်။

ယှဉ်ပြိုင်ရမည်

ပွဲစဉ် (၃)အဖြစ် မေ ၁၈ ရက်တွင် စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ မေ ၁၉ ရက်တွင် စလင်းကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပွဲစဉ် (၂) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မြဝတီအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရှမ်းယူနိုက်တက်နှင့် YREO အသင်းက တစ်ပွဲကစား တစ်ပွဲရှုံး၊ သစ္စာအားမာန်အသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံးနိမ့်ကာ အမှတ်မရသေးပေ။

ထိပ်ဆုံးနေရာရယူရန်

ယခုရာသီတွင် ထူးထူးခြားခြားခြေစွမ်းပြနေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ချန်ပီယံဟောင်း အား/ကာသိပ္ပံအသင်းနှင့် ကစားရမည်ဖြစ်ပြီး သုံးပွဲဆက်တိုက် အသင်းကြီးများနှင့် တွေ့ဆုံခြင်းဖြစ်ကာ နိုင်ပွဲထပ်မံရယူနိုင်ပါက ပထမအကျော့အပြီးတွင် ထိပ်ဆုံးနေရာတွင် ရယူနိုင်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။

အဖွင့်ပွဲတွင် ရှုံးပွဲ ကိုယ်စီကြုံတွေ့ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး ပထမဆုံးနိုင်ပွဲအတွက် ရုန်းကန်ရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ မြဝတီအသင်းမှာမူ အသင်းကြီးတစ်သင်းဖြစ်သော သစ္စာအားမာန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းမှာလည်း နှစ်ပွဲဆက်အရှုံးကြောင့် ပထမဆုံးရမှတ်ရယူနိုင်ရန် ကြိုးပမ်းလာဖွယ်ရှိနေသည်။

ရဲရင့်လွင်

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်အားကစားသမား မောင်စိုးပေ ပါရီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်အားကစားသမား မောင်စိုးပေသည် ပြင်သစ်နိုင်ငံ Paris မြို့တွင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ကျင်းပမည့် ကမ္ဘာ့မသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ မောင်စိုးပေသည် အမျိုးသားမီတာ ၁၀၀ နှင့် ၂၀၀ ပြိုင်ပွဲတို့တွင် ဆေးအဆင့် (T 64) (ဒူး အောက်တစ်ဖက်) ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

မောင်စိုးပေအနေဖြင့် (၁၁) ကြိမ်မြောက်နှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် မီတာ ၁၀၀ နှင့် ၂၀၀ မှ ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်တစ်ခု၊ မီတာ ၄၀၀ မှ ကြေးတံဆိပ်တစ်ခု၊ မီတာ ၁၀၀ x ၄နှင့် ၄၀၀ x ၄ လက်ဆင့်ကမ်းမှ ကြေးတံဆိပ်နှစ်ခုရရှိထားပြီး တရုတ်နိုင်ငံ (၃)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ နှင့် ၂၀၀ တို့တွင် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိထားသော အားကစားသမားတစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားသမားအဖွဲ့ချုပ် ပြေးခုန်ပစ်အသင်းအနေဖြင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် ၁၀ ခုနှင့် (၃) ကြိမ်မြောက် အာရှမသန်စွမ်းကစားပြိုင်ပွဲတွင် ကြေးတံဆိပ် သုံးခုတို့ ရရှိခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သော အသင်းဖြစ်သည့်အားလျော်စွာ ယခုအခါ ပါရီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲသို့ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့်အတူ သွားရောက်ယှဉ်ပြိုင်နိုင်ရန် အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။

မြန်မာ့အလင်း

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မတ် ၁၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA V နှင့် NETA U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ အစ္စရေးလေကြောင်းတိုက်ခတ်မှုကြောင့် ငါးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘေရွတ် မေ ၁၇

လက်ဘနွန်နိုင်ငံတောင်ပိုင်း လက်ဘနွန်-အစ္စရေး နယ်စပ်မှ ၇၀ ကီလိုမီတာခန့်အကွာရှိ ဇိဒုန်မြို့သို့ အစ္စရေးက မေ ၁၇ ရက်တွင်လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်သဖြင့် ဟစ်ဇ်ဘိုလာအရာရှိတစ်ဦးနှင့် ဆီးရီးယားနိုင်ငံသားလေးဦးသေဆုံးပြီး လက်ဘနွန်နိုင်ငံသား သုံးဦးဒဏ်ရာရရှိကြောင်း လက်ဘနွန်တပ်ဖွဲ့၏ သတင်းရင်းမြစ်များအရ သိရသည်။

အစ္စရေးက အဒ္ဒေါ်စီရာမြို့နှင့် ဇိဒုန်မြို့ မာဝန်နီရာ့နှင့် အယ်နာဂျာရက်ကျေးရွာတို့ရှိ နေအိမ်များ၊ စက်ရုံ၊ ကားတစ်စီးနှင့် သစ်သီးခြံတို့ကို လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သဖြင့် သေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်များက ပြောကြားသည်။ သေဆုံးသွားသည့် ဟစ်ဇ်ဘိုလာအရာရှိတစ်ဦးမှာ ဟူစိန်ခေါ့ဒါမာဒီဟုခေါ်သည့် အုပ်စု၏ဒေသတွင်း ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သတင်းရင်းမြစ်များအရသိရသည်။ သေဆုံးသူဆီးရီးယားနိုင်ငံသား လေးဦးအနက် နှစ်ဦးမှာ ကလေးငယ်များဖြစ်ကြောင်း လက်ဘနွန်ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ထုတ်ပြန်ထားသည်။

လက်ဘနွန်လက်နက်ကိုင်တပ်ဖွဲ့ ဟစ်ဇ်ဘိုလာသည် ဟားမားစ်တို့နှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် အစ္စရေးဘက်သို့ ဒုံးကျည်များ လွှတ်တင်မှု လုပ်ဆောင်ပြီးနောက် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစကာ လက်ဘနွန်-အစ္စရေးနယ်စပ်တစ်လျှောက် တင်းမာမှုများ မြင့်တက်လာကြောင်း သိရသည်။ **ဆင်ဟွာ**

အမေရိကန်တို့၏ သူလျှိုဒရုန်းကို ပစ်ချနိုင်ခဲ့သည်ဟု ဟူသီတို့ပြော

ဆားနား မေ ၁၇

ယီမင်နိုင်ငံ မာရစ်ဘ်ပြည်နယ်၌ ပျံသန်းနေသည့် အမေရိကန်တို့၏ အမ်ကျူ-၉ သူလျှိုဒရုန်းကို ဟူသီသူပုန်များက ပစ်ချနိုင်ခဲ့သည်ဟု ဟူသီတို့က မေ ၁၇ ရက်တွင် ပြောသည်။ အဆိုပါဒရုန်းကို ပြည်တွင်းထုတ် ဝေဟောင်ပစ်ဒုံးကျည်ဖြင့် ပစ်ချနိုင်ခဲ့ခြင်းဖြစ်ပြီး မှတ်တမ်းဗီဒီယိုကို နောက်ပိုင်းတွင် ထုတ်ဖော်ပြသသွားမည်ဟု ဟူသီတို့၏ ပြောရေးဆိုခွင့်ရှိသူ ယာယာ့ဆာရီယာက မာဆီယာ့ရုပ်သံလိုင်းတွင် ပြောကြားခဲ့သည်။ သူလျှိုဒရုန်းကို ပစ်ချခဲ့သည့်အချိန်ကိုမူ အတိအကျဖော်ပြခဲ့ခြင်းမရှိချေ။ ဂါဇာဒေသကို ထောက်ခံမှုများစတင်ခဲ့သည့် အချိန်မှစတင်ကာ အမေရိကန်တို့၏ လေးစင်းမြောက်ဒရုန်းကို ပစ်ချနိုင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။ အမေရိကန်တပ်ဖွဲ့ဘက်ကမူ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ မည်သည့်မှတ်ချက်မျှ ပြောကြားခဲ့ခြင်းမရှိချေ။

ယီမင်နိုင်ငံမြောက်ပိုင်း မြို့အချို့ကို သိမ်းပိုက်ထားသည့် ဟူသီသူပုန်များသည် လွန်ခဲ့သည့်နိုဝင်ဘာလမှစတင်ကာ သင်္ဘောဖျက်ဒုံးကျည်များဖြင့် ပင်လယ်နီကို ဖြတ်သန်းလာသည့် အစ္စရေးနှင့်ဆက်စပ်မှုရှိသည့် သင်္ဘောများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဇန်နဝါရီလမှ စတင်ကာ အမေရိကန်-ဗြိတိန် ရေကြောင်းပူးပေါင်းတပ်ဖွဲ့သည် ရေပြင်တွင်တပ်စွဲကာ ဟူသီသူပုန်များကိုပစ်မှတ်ထားပြီး လေကြောင်းမှ တိုက်ခိုက်မှုများနှင့် ဒုံးကျည်များဖြင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**

ဟူစတန်မြို့၌ မုန်တိုင်းထန်ခြင်းကြောင့် လေးဦးသေဆုံးပြီး အပျက်အစီးများပြား

ဟူစတန် မေ ၁၇

အမေရိကန်ပြည်ထောင်စု တက္ကဆက် ပြည်နယ်၏ အကြီးဆုံးမြို့တော်ဖြစ်သော ဟူစတန်မြို့၌ မေ ၁၆ ရက် ညပိုင်းက မုန်တိုင်းထန်သည့် အတွက် လေးဦးသေဆုံးပြီး အပျက်အစီးများပြားခဲ့ကြောင်း သိရသည်။

မုန်တိုင်းဒဏ်ကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများနှင့် မြို့တော်အနှံ့ ဖရိုဖရဲဖြစ်မှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု ဟူစတန်မြို့တော်ဝန် ဂျွန်ဝှစ်မိုင်ယာက အတည်ပြုပြောကြားခဲ့သည်။

သေဆုံးသူ လေးဦးအနက် နှစ်ဦးမှာ သစ်ပင်ပိ၍ သေဆုံးခြင်းဖြစ်သည်ဟု ဟူစတန်မြို့ မီးသတ်အကြီးအကဲဖြစ်သူ ဆမ်မြူရယ် ပီနာက သတင်းထောက်များကို ပြောသည်။ ကျန်နှစ်ဦးမှာ လေပြင်းကြောင့် ဝန်ချီစက် ပိမိကာ သေဆုံးခြင်းဖြစ်သည်။ မုန်တိုင်းကြောင့် သစ်ပင်များအမြစ်မှကျွတ်ထွက်ခြင်း၊ လျှပ်စစ်မီးများ ပြတ်တောက်ခြင်းနှင့် လမ်းများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းတို့ ပေါ်ပေါက်ခဲ့သည်။

ဟူစတန်မြို့လယ်ရှိ ရုံးခန်းများတွင်လည်း ပြတင်းပေါက်များ ပျက်စီးခဲ့ရသည်။ ယခုလအစောပိုင်းကလည်း ဟူစတန်မြို့ ဧရိယာအပါအဝင် တက္ကဆက်အရှေ့ပိုင်း တစ်ခွင် မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်မှုနှင့် ကြောက်မက်ဖွယ် ရေကြီးမှုတို့ကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရခြင်းနှင့် ကျောင်းများ ပိတ်ထားရခြင်းတို့ လုပ်ဆောင်ခဲ့ရသည်။ **ဆင်ဟွာ**

မုန်တိုင်းကြောင့် ပျက်စီးနေမှုများကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၌ မိုးကြိုးပစ်သဖြင့် ၁၂ ဦး သေဆုံး

နယူးဒေလီ မေ ၁၇

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်၌ မေ ၁၆ ရက်က မိုးကြိုးပစ်မှုဖြစ်ပွားသဖြင့် ၁၂ ဦးထက်မနည်း သေဆုံးကာ အခြားလူများစွာ ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

အနောက်ဘင်္ဂလား၏မြို့တော် ကာလကတ္တား၏ မြောက်ဘက် ၃၂၇ ကီလိုမီတာခန့်အကွာ မော်လ်ဒါခရိုင်၌ မိုးကြိုးပစ်မှုကြောင့် လူသေဆုံးမှုများ ဖြစ်ပွားကြောင်းသိရသည်။ သေဆုံးသူအားလုံးမှာ မိုးကြိုးများပစ်ချိန်တွင် သစ်သီးခြံများနှင့် ကွင်းပြင်များ၌ အလုပ်လုပ်ကိုင်နေကြကြောင်း အာဏာပိုင်များက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ နှစ်စဉ်မုတ်သုံရာသီစတင်ချိန်တွင် မိုးကြိုးပစ်ခြင်းကြောင့် လူပေါင်းရာနှင့်ချီ သေဆုံးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

ဧပြီလအတွင်း တောင်ကိုရီးယားနိုင်ငံ၌ အလုပ်အကိုင်များ တိုးလာ

ဆိုးလ် မေ ၁၇

တောင်ကိုရီးယားနိုင်ငံ၌ သက်ကြီးရွယ်အို အလုပ်အကိုင်များ တစ်ဟုန်ထိုး တိုးလာခြင်းကြောင့် ပြီးခဲ့သည့်လက တောင်ကိုရီးယားနိုင်ငံ၏ အလုပ်အကိုင်များတိုးလာကြောင်း မေ ၁၇ ရက်တွင် စာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်အကိုင်အရေအတွက်မှာ ယမန်နှစ်က ၂၆၁၀၀၀ ရှိရာမှ ယခုနှစ်ဧပြီလက ၂၈၆၉၃၀၀၀ အထိ တိုးလာကြောင်း ကိုရီးယားစာရင်းအင်း အချက်အလက်များအရ သိရသည်။

အသက် ၆၀ နှင့်အထက် အလုပ်အကိုင်အရေအတွက်မှာ ဧပြီလတွင် နှစ်စဉ် ၂၉၂၀၀၀ တိုးလာသော်လည်း အသက် ၂၀ အလုပ်အကိုင်မှာ ၇၇၀၀၀ နှင့် အသက် ၄၀ အလုပ်အကိုင်မှာ ၉၀၀၀၀ စီ လျော့နည်းလာကြောင်း သိရသည်။ **ဆင်ဟွာ**

အာဖဂန် - ပါကစ္စတန် နယ်ခြားစောင့်တပ်များ ထိပ်တိုက်တွေ့ရာ ငါးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ကဘူးလ် မေ ၁၇

ပြီးခဲ့သည့်လေးရက်အတွင်း အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် နယ်ခြားစောင့်တပ်များအကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ငါးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု အာဖဂန်ပြည်တွင်းမီဒီယာများတွင် မေ ၁၇ ရက်က ဖော်ပြသည်။

ပတ်ခ်တီယာပြည်နယ် ဇာဇိုင်အာယုဘ်နှင့် ဒရန်းဝါပါတန် ခရိုင်အနီးတို့တွင် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်ခြားစောင့်တပ်များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပေါ်ခဲ့သည်ဟု မီဒီယာတွင် ဖော်ပြထားသည်။ အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ အာဖဂန်အရာရှိများက မည်သည့်မှတ်ချက်မျှ ပြောကြားခဲ့ခြင်းမရှိချေ။ **ဆင်ဟွာ**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်လမ်းကို အကျယ် ၃၃ ပေ မှ ပေ ၄၀ ရရှိရန် ဘယ်/ညာ တစ်ဖက်သုံးပေခွဲ တိုးချဲ့ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှု၊ တက္ကသိုလ်ရှေ့လမ်းလယ်ကျွန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေး မှာကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ရှေ့ရေကန်အတွင်းရှိ Solar Panel များကို ဘေးတစ်ဖက်တစ်ချက်စီသို့ ရွှေ့ပြောင်းပြီးစီးမှု **(အပေါ်ပုံ)**၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနမှ ရေကန်ပတ်လည် စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ထားရှိမှု၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ရေကန်အတွင်း ရေဖြည့်သွင်းပြီး လျှပ်စစ်ဓာတ်အား ၄၆ ကီလိုဝပ် ထုတ်လုပ်နိုင်သည့် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် အလှဆင်ရေပန်းသုံးခု မောင်းနှင်နေမှု၊ ရေကန်ပတ်လည် မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှု၊ ကန်ပေါင်တွင် လူသွားလမ်း ဆောင်ရွက်ပြီးစီးနေမှု၊ တက္ကသိုလ်အဝင်/အထွက် ယာဉ်ပတ်လမ်းအနီး မြက်ခင်းပြင်တွင် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဝင်းမင်း(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

" အသိပေးကြေညာချက် "

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန
"၂၀၂၄-၂၀၂၅ ပညာသင်နှစ်"
မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့
မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ နှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမ များနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေး ဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

မိုးညှင်းမြို့၌ လေပြင်းတိုက်မှုကြောင့် သက်တမ်းရင့်ညောင်ပင်ကြီး လဲကျ၍ စာကြည့်တိုက်ကျောင်းဆောင်ပျက်စီး

မိုးညှင်း မေ ၁၇

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မေ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မြို့မရပ်ကွက် ဥတ္တရာ ရာမဘုန်းကြီးကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်ကျောင်းဆောင်ပေါ်သို့ သက်တမ်းရင့်ညောင်ပင်ကြီး အမြစ်မှ လှန်ကာ လဲကျ၍ ကျောင်းဆောင်ပျက်စီးမှုဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ပေ ၆၀၊ ပေ ၄၀ သွပ်မိုး အုတ်ညှပ်နှစ်ထပ်စာကြည့်တိုက် အဆောက်အအုံပေါ်သို့ လုံးပတ် ၁၀ ပေခန့်နှင့် အမြင့် ၄၅ ပေခန့်ရှိသည့် ညောင်ပင်လဲကျခဲ့သဖြင့် စာကြည့်တိုက်ကျောင်းဆောင် အဆောက်အအုံပျက်စီးမှုဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်နှင့် တာဝန်ရှိသူများ၊ ပြည်သူများက ဝိုင်းဝန်းကူညီ ရှင်းလင်းဆောင်ရွက်ကြသည်။

ထို့အတူ မိုးညှင်းမြို့နယ် နန်းမားမြို့ လယ်မီးကျေးရွာအုပ်စုနှင့် နန်းမားကြီးကျေးရွာသို့ သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းမှ ဓာတ်တိုင် ၁၃ တိုင် ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း

စလင်းမြို့နယ် ရှားတောကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဧရာဝတီမြစ်ကမ်းပါးနှင့် နီးကပ်လာသည့်အတွက် ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့

စလင်း မေ ၁၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အရှေ့ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းအား ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပေါ်လာနိုင်မည်ကို စိုးရိမ်ရသဖြင့် မေ ၁၆ ရက် နံနက်ပိုင်းမှစတင်ကာ ဘေးလွတ်ရာဖြစ်သည့် ကန်ဘောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၆၄)ကွင်းသို့ ရွှေ့ပြောင်းလျက်ရှိကြောင်း သိရသည်။

စလင်းမြို့နယ် ရှားတောကျေးရွာနှင့် ကျေးလက်နေပြည်သူများ ကိုးကွယ်သည့် ရွာဦးဘုန်းတော်ကြီးကျောင်း၊ စေတီတစ်ဆူနှင့် မူလွန်ကျောင်းများကို ဘေးလွတ်ရာသို့ ဆရာတော် ဦးသူရိန်နနှင့် ဦးဇဝနတို့၏ ဦးဆောင်ကြီးကြပ်မှု၊ ကျေးရွာနေပြည်သူတို့၏ ညီညွတ်စုပေါင်းမှုအားဖြင့် ရွှေ့ပြောင်းလျက်ရှိပြီး**(ယာပုံ)** ဘေးလွတ်ရာ ကန်ဘောင်ကျေးရွာ ကွင်းအမှတ် (၄၆၄) ကွင်းသို့ ထိခိုက်တစ်စုံတစ်ရာမရှိ ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

မောင်လွင်(စလင်း)

ဂန့်ဂေါမြို့နယ် ရွှေဘိုကျေးရွာနှင့် ရေသာကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး နေအိမ်များမီးရှို့ဖျက်ဆီးခဲ့ကာ ပြည်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ရွှေဘိုကျေးရွာနှင့် ရေသာကျေးရွာတို့ကို မေ ၁၆ ရက်က နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့်လုံခြုံရေးပူးပေါင်း တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့်သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် လှုံ့ဆော်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံ ရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကြောင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာခြင်းနှင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာပြီး နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှု မရှိစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်။ ယခုဖြစ်စဉ်တွင်လည်း ဂန့်ဂေါမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်း တပ်ဖွဲ့ဝင်များကို ရွှေဘိုကျေးရွာနှင့် ရေသာကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်သေနတ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ထို့နောက် အကြမ်းဖက်သမားများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရသည်။ တရားမဝင် ပြည်ဖျက် မီဒီယာများတွင် ရေးသား ဖော်ပြထားသကဲ့သို့ နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့သည်မှာ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

အုတ်ဖုတ်လုပ်ငန်းသို့ ခေါ်ဆောင်ကာ ကြွေးမြီဖြင့်နှောင်ဖွဲ့၍ အဓမ္မခိုင်းစေပြီး လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၁၇

အုတ်ဖုတ်လုပ်ငန်းသို့ ခေါ်ဆောင်ကာ ကြွေးမြီဖြင့်နှောင်ဖွဲ့၍ အဓမ္မခိုင်းစေပြီး လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်နေ မောင်စိုး၊ မြိတ်မြို့နယ်နေ ဒေါ်ကြည်သန်းနှင့် ဒေါ်မြင့်အေးတို့က မြိတ်မြို့နယ်နေ မောင်----၊ ၁၃နှစ်၊ ၁၁ လအား ရှမ်းပြည် မီးသွေးလှော်တွင် အလုပ်လုပ်ကိုင်ပါက ထိုင်းဘတ် ၂၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံး၍ ဘုတ်ပြင်းမြို့နယ် ရွှေဂုဏ်ညီကျေးရွာ ကဘင်းချောင်းဘေးရှိ မီးသွေးနှင့် အုတ်ဖုတ်လုပ်ငန်းသို့ ခေါ်ဆောင်ကာ ကြွေးမြီဖြင့်နှောင်ဖွဲ့၍ အဓမ္မအလုပ်ခိုင်းစေကာ ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မြိတ်မြို့မ ရဲစခန်း (ပ) ၁၈၂/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ -၃၅ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၁၅ ရက်တွင် တရားခံ မောင်စိုး၊ ဒေါ်ကြည်သန်းနှင့် ဒေါ်မြင့်အေးတို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် အသိပညာပေးစကားဝိုင်းပြုလုပ်

ပုသိမ် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် အသိပညာပေးစကားဝိုင်းကို ယမန်နေ့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စကားဝိုင်းတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာဦး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းတို့က ဇီဝမျိုးစုံမျိုးကွဲ၏ အဓိပ္ပာယ်၊ လူသားများအတွက် ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါပုံ၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာရသည့် အကြောင်းရင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားရှိမှု၊ ထိန်းသိမ်းထားရှိသည့် ရှားပါးမျိုးစိတ်များနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၅ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် ကျင်းထုံခြင်ဆေးခွေ ဘူး ၁၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ မြဝတီမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီး၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီး၊ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် နှစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် 108 အဝတ်လျှော်ဆပ်ပြာမှုန့် အထုပ် ၁၂၀၊ Honda Wave မော်တော်ဆိုင်ကယ် လေးစီး၊ ပုဇွန်နှစ်ကောင်စားဆီ ငါးလီတာပါ ဘူး ၁၂၀၊ Alpha 110 မော်တော်ဆိုင်ကယ် ခြောက်စီး၊ O-Buster Oxygen Absorber အိတ် ၁၈၂၀၊ Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၁၂၅၀၀၊ TV မျိုးစုံ (အဟောင်း) ၄၂ လုံး၊ AQUA အင်ဂျင်ဝိုင် ၁၄၄ ဘူး၊ Bingo Star ကြောင်စာ ၄၈၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၂၇မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁၅၉၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace နှစ်စီး၊ Nissan Caravan တစ်စီး၊ Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၁၅၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး **(အပေါ်ယာပုံ)** အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့တူ မေ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ကလေးစာရေးစားပွဲ (အသေး) အလုံး ၄၄၄၀နှင့် BLUE အမျိုးသမီး လစဉ်သုံးပစ္စည်း ၁၅၅၀၉ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၇၆၀၇၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ Denko ဆီဆိုင်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ယောကျ်ားလေးဝတ် တီရှပ်အင်္ကျီအထည် ၄၀၀၊ ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်း Essential Toner ဘူး ၁၀၀၀၀၊ Worm Wood Peeling Gel ဘူး ၈၁၀နှင့် Worm Wood Cleansing Foam ၇၉၉ဘူး၊ တရုတ်နိုင်ငံထုတ် ကားအပိုပစ္စည်း Car Windscreen Glass Sheet အခု ၆၁၀ အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၁၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၈၃၈ တန်၊ သစ်မာ ၁ ဒသမ ၉၅၁ တန်နှင့် အခြားသစ် ၁ ဒသမ ၉၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆၂၅၅၇)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၆၃၅၂၅၅၇ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်သာယာဇုန် (၃) ဦးဖိုးလှိုင်လမ်း ရေအုတ်ကန်ရပ်ကွက် အမှတ်(၂၆/၂၇)၌ ရပ်တန့်ထားသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စာရေးကိရိယာ ပစ္စည်း Pencil Case ကီလိုဂရမ် ၃၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၇၀၁ တန်၊ အခြားသစ် ၁ ဒသမ ၅၃၈ တန် စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၈၂၀၃၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၁၅ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆၆၇၀၄၃၁၁) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ဝတ်ဆင်ရေးအဆင်ပြေဖို့ ဝါသီးနှံတိုးချဲ့စိုက်ပျိုးစို့

K ဇင်သစ် (မန်းတက္ကသိုလ်)

“ရေလိုအပ်မှုမှာ ဝါပင်များသည် ပန်းပွင့်ချိန်၊ ဝတ်မှုန်ကူးချိန်နှင့် အစေ့အဆန်ထည့်ချိန်တွင် ရေငတ်ဒဏ်မခံနိုင်ပါ၊ အပင်ကြီးထွားချိန်တွင် ရေငတ်ပါက အပင်ပု၊ အရွက်သေးပြီး အထွက်နှုန်း ထိခိုက်နိုင်ပြီး ဝတ်မှုန်ကူးချိန်တွင် မိုးရွာသွန်းမှုများလွန်းပါကလည်း အထွက်နှုန်းလျော့ကျစေနိုင်”

အတိတ်ငယ်ဘဝကို ပြန်မြင်ယောင်နေမိသလို ခံစားမိပါသည်။ စာရေးသူတို့ နေထိုင်ရာဒေသမှာ ယခုကဲ့သို့ သင်္ကြန်ပြီးခါစကာလမှာ ဝါခင်းများကို ပေါင်းပေါက်ခဲ့ကြရသည့်အလုပ်က လက်လုပ်လက်စားများအဖို့ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေခဲ့ခြင်း ဖြစ်ပါသည်။ ဇွန်-ဇူလိုင်တွင် ဝါများကောက်ကြရသည့်အခါမှာလည်း ရွာလုံးကျွတ်ကိုယ်စီ ဝါကောက်ထွက်ကြရသည့်အလုပ်က ပျော်မွေ့ဖွယ်ကောင်းလှပါသည်။

နေရာဒေသကွဲပြားစွာ စိုက်ပျိုး

ရာသီဥတုလည်းမှန် တောင်ပုလုဆည်ရေသောက်လည်းဖြစ်တော့ မိုးစပါးပြီးလျှင် ဝါစိုက်ကြပြီး ဝါပြီးလျှင် စပါးပြန်စိုက်ကြသည့်အတွက် တစ်နှစ်ပတ်လုံး လယ်မြေများတွင် အအားအလပ်မရှိ စိုက်ပျိုးခဲ့ကြသည်ကို မှတ်မိနေပါသည်။ ကိုယ့်ဒေသတွင်စိုက်သည့် ဝါကိုပဲ တစ်နိုင်ငံလုံး စိုက်ပျိုးကြသည်ဟု ထင်ခဲ့မိသော်လည်း မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍ မိုးကြို့ဝါ၊ မိုးဝါ၊ မိုးနှောင်းဝါဟူ၍ စိုက်ပျိုးကာလမတူ နေရာဒေသကွဲပြားစွာ စိုက်ပျိုးနေကြသည်ကို လေ့လာသိရှိရပါသည်။

ဝမ်းတွင်းမြို့နယ် အနောက်ခြမ်းဒေသတွင် ဖေဖော်ဝါရီ၊ မတ်လတို့တွင် စိုက်ပျိုးကြသည့်ဝါမှာ မိုးကြို့ဝါဖြစ်သည်ဟု သိရှိရပါသည်။ မိုးဝါကို မေလလယ်မှ ဇွန်လကုန်ထိ လည်းကောင်း၊ မိုးနှောင်းဝါကို ဩဂုတ်လမှ စက်တင်ဘာလအထိ လည်းကောင်း စိုက်ပျိုးကြပါသည်။ နိုင်ငံအတွင်း နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဝါကို အဓိကစိုက်ပျိုးကြပြီး မိုးနှောင်းဝါကို အများဆုံးစိုက်ပျိုးကြသည်ဟု သိရှိရပါသည်။

ဝါပင်မှ ဝါအသီးသီးသည်အထိ ရက်ပေါင်း ၁၄၀ မှ ၂၀၀ ခန့်ကြာအောင် ပြုစုပျိုးထောင်ကြရပြီး ဝါတစ်ပင်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ဝါကောက်ရသည်။ ဝါတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါဟူ၍ နှစ်မျိုးစိုက်သော်လည်း မြန်မာနိုင်ငံတွင် ချည်မျှင်ရှည်ဝါကိုသာ အများဆုံးစိုက်ပျိုးကြပါသည်။ ဝါသီးနှံစိုက်ပျိုးရာတွင် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်သော အထွက်တိုးမျိုးစိုက်ရန်လိုအပ်ပြီး ပျမ်းမျှအပူချိန် ၂၅°C မှ ၃၀°C ကြား စိုက်ပျိုးနိုင်သည်။ မြေယာပြုပြင်ခြင်းကို ထယ်ရေးနက်၍ ထွန်ရေးညက်အောင် ထယ်တစ်စပ်၊ ထွန် (၄-၆) စပ်ထွန်ရန်၊ မိုးကြို့ရာသီ မြေအစိုဓာတ်ရှိချိန်တွင် ထယ်ထိုးရန် မြေခြောက်ပါက ရေသွင်းပြီးမှ မြေအထန့်တွင် ထယ်ထိုးရန်နှင့် မိုးနှင့် မိုးနှောင်းစိုက်မည့်မြေကို နွေထယ်ရေးခံထားရန် (သို့မဟုတ်) ပထမသီးနှံအပြီးတွင် ထယ်ထိုး၊ ထယ်မွှေထားရန် လိုအပ်ပါသည်။

မိုးရွာသွန်းမှုများပါကလည်း အထွက်နှုန်းလျော့ကျစေနိုင်

ရေလိုအပ်မှုမှာ ဝါပင်များသည် ပန်းပွင့်ချိန်၊ ဝတ်မှုန်ကူးချိန်နှင့် အစေ့အဆန်ထည့်ချိန်တွင် ရေငတ်ဒဏ်မခံနိုင်ပါ၊ အပင်ကြီးထွားချိန်တွင် ရေငတ်ပါက အပင်ပု၊ အရွက်သေးပြီး အထွက်နှုန်း ထိခိုက်နိုင်ပြီး ဝတ်မှုန်ကူးချိန်တွင် မိုးရွာသွန်းမှုများလွန်းပါကလည်း အထွက်နှုန်းလျော့ကျစေနိုင်၍ ဂရုပြုသင့်ပါသည်။

မိုးကြို့ဝါတွင် ရေသွင်းခြင်းကို မြေပြင်ချိန်၊ စိုက်ချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် ဆောင်ရွက်ရမည်။ မိုးနှောင်းဝါတွင် ပန်းစပွင့်ချိန်မှ ဝါသီးကြီးထွားချိန်အထိ နှစ်ကြိမ်မှ သုံးကြိမ်အထိ ရေသွင်းရမည်။ မိုးဝါတွင် ပန်းစပွင့်ချိန်နှင့် ပန်းပွင့်ဖြိုင်ချိန်၊ အသီးကြီးချိန်တွင် ရေလိုအပ်ပါက သွင်းပေးရန်နှင့် ရေသွင်းပြီးတိုင်း ကြားပေါင်းလိုက်၍ မြေဆွပေးရမည်ဖြစ်ပေသည်။ ဝါပင်ကိုစိုက်ပြီး (၁၅-၂၀) ရက်အတွင်း ရွက်ဆစ် (၃-၄) ရွက် ထွက်ချိန်တွင် သားခွဲရမည်ဖြစ်ပြီး သားခွဲနောက်ကျပါက သီးကိုင်းအထွက်နည်းနိုင်မည်ဖြစ်၍ တောင်သူများအနေဖြင့် အလေးထားလုပ်ဆောင်ကြရမည် ဖြစ်ပေသည်။

ဝါသီးနှံစိုက်ပျိုးရေးကို အားသွန်ခွန်စိုက် လုပ်ဆောင်နေ

ဝါစိုက်တောင်သူများအနေဖြင့် ယနေ့အချိန်အခါတွင် ဝါအထွက်နှုန်းတိုးသည့် ရွှေတောင် (၁၀) နှင့် Raka 666 မျိုးတို့ကို အများဆုံးစိုက်ပျိုးကြပြီး ပန်းတိုင်အထွက်နှုန်း တစ်ဧကလျှင် ပိဿာ ၇၀၀ ထွက်ရှိအောင် စတင်စိုက်ပျိုးသည်မှ ခူးဆွတ် (ဝါကောက်) သည်အထိ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဝါယမစိုက်ထုတ် လုပ်ကိုင်ကြမှသာ ပန်းတိုင်အထွက်နှုန်းကို ရရှိနိုင်ကြမည် ဖြစ်ပါသည်။ သွင်းအားစုထည့်သွင်းရမည့်အချိန်နှင့် လိုအပ်ချက်များကို အပြည့်အဝ ထည့်သွင်းပေးနိုင်ပါက အထွက်နှုန်းပိုမိုထွက်ရှိလာနိုင်မည် ဖြစ်ပါသည်။

မိရိုးဖလာစိုက်ပျိုးနေကြ၍ ဝါအထွက်နှုန်း ပုံမှန်အနေအထားရှိနေခြင်းမှ ဝါအထွက်နှုန်း ပိုမိုထွက်ရှိလာနိုင်စေရန် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဝါသီးနှံစိုက်ပျိုးရေး စီမံကိန်းကို သမဝါယမကဏ္ဍမှ အားသွန်ခွန်စိုက် လုပ်ဆောင်နေသည်ဟု ကြားသိရ၍ ဝမ်းသာပီတိဖြစ်မိပါသည်။

သမဝါယမကဏ္ဍမှ ဝါသီးနှံ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဘယ်လိုအခန်းကဏ္ဍမှ ကူညီပံ့ပိုးပေးနေသည်ကို စောကြောမိချင်ပါသည်။ ဝါစိုက်ပျိုးသည့်နယ်မြေဒေသရှိ ဝါစိုက်တောင်သူများအား စည်းရုံးဆွေးနွေးပြီး တောင်သူတစ်ဦးချင်းအလိုက် စိုက်ပျိုးသည့်ဧက၊ ဝါမျိုးကောင်းမျိုးသန့်လိုအပ်မှု၊ သွင်းအားစု လိုအပ်ချက်များကို အသေးစိတ်စာရင်းဇယားများပြုစုပြီး ကျေးရွာကိုအခြေခံ၍ ယခင်ဖွဲ့စည်းပြီးအသင်းရှိနေပါက အသင်းသားသစ်များအဖြစ်ပါဝင်နိုင်ရေး၊ အသင်းသစ်ဖွဲ့စည်းရန် လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်ငန်းကြီးကြပ်မှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး Raka 666 ကဲ့သို့ အထွက်နှုန်းကောင်းသည့် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ မြေဩဇာများအချိန်အလိုက် စနစ်တကျ ထည့်သွင်းနိုင်ရေး အပင်ကြီးထွားမှုအဆင့်အလိုက် ပြုစုဆောင်ရွက်နိုင်ရေး၊ ဝါသီးနှံစိုက်ပျိုးရာတွင် လိုအပ်သည့် အသိပညာ၊ ဗဟုသုတများ တိုးပွားစေရန် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်း၍ ဝါပင်တွင် ကျရောက်တတ်သည့် ပိုးမွှားနှင့်ရောဂါဒဏ်ကာကွယ်နိုင်ရေး ပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စတင်စိုက်ပျိုးသည်မှ ဝါထွက်ရှိသည်အထိ သတ်မှတ်ရက်အလိုက် လုပ်ဆောင်ကြရမည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရ၍ ဝါစိုက်ဧကများ ပိုမိုတိုးတက်လာပြီး စိုက်ပျိုးသည့်ဧကတိုင်း ပန်းတိုင်အထွက်နှုန်းအတိုင်းပြည့်မီပြီး ဝါစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်တော့မည် ဖြစ်ပါသည်။

ဝါတစ်ဧကစိုက်ပျိုးသည့်အခါ ငွေကျပ်ခုနစ်သိန်းမှ ၁၀ သိန်းခန့် ကုန်ကျနိုင်ပြီး ပန်းတိုင်အထွက်နှုန်း ထွက်ရှိပါက လက်ရှိဈေးကွက်ပေါက်ဈေးဖြင့် ပြန်လည်ရောင်းချပါက ဈေးကွက်တွက်ခြေကိုက်၍ စိုက်ပျိုးသင့်သည့် သီးနှံအမျိုးအစားထဲတွင် ပါဝင်နေသည်ဟု ဆို၍ရနိုင်ပါသည်။ ဝါစိုက်တောင်သူများအဖို့ မိမိတို့စိုက်ပျိုးထွက်ရှိသည့် ဝါဂွမ်းများဖြင့် ချည်ငင်၊ ချည်ထည်ဖြစ်တည်လာပြီး လူသားတို့၏ ဝတ်ဆင်ရေးတွင် အဆင်ပြေအထောက်အပံ့ဖြစ်နေသည်ဟု မှတ်ယူ၍

စာမျက်နှာ ၁၇ သို့

သမဝါယမကဏ္ဍမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝါစိုက်ပျိုးရေးဆောင်ရွက်မည့် လျာထားဧကစာရင်း

စဉ်	တိုင်း/ဒေသကြီး	မြို့နယ်	မိုးကြို့ စိုက်ပျိုးရေးလျာထား	မိုးကြို့ သမဝါယမမှ ဆောင်ရွက်ရန်လျာထား ရာခိုင်နှုန်း	မိုးကြို့ သမဝါယမမှ ဆောင်ရွက်ရန်လျာထား ဧက	မိုး စိုက်ပျိုးရေးလျာထား	မိုး သမဝါယမမှ ဆောင်ရွက်ရန်လျာထား ရာခိုင်နှုန်း	မိုး သမဝါယမမှ ဆောင်ရွက်ရန်လျာထား ဧက	မိုးနှောင်း စိုက်ပျိုးရေးလျာထား	မိုးနှောင်း သမဝါယမမှ ဆောင်ရွက်ရန်လျာထား ရာခိုင်နှုန်း	မိုးနှောင်း သမဝါယမမှ ဆောင်ရွက်ရန်လျာထား ဧက	စုစုပေါင်း စိုက်ပျိုးရေးလျာထား	စုစုပေါင်း သမဝါယမမှ ဆောင်ရွက်ရန်လျာထား ရာခိုင်နှုန်း	စုစုပေါင်း သမဝါယမမှ ဆောင်ရွက်ရန်လျာထား ဧက	ပံ့ပိုးငွေလိုအပ်ချက် (ကျပ်သန်း)
၁	နေပြည်တော်	၁				၅၁၂၃	၂၈%	၁၄၃၄	၅၁၉၁	၃၀%	၁၅၆၆	၁၀၃၁၄	၂၉%	၃၀၀၀	၆၀၀.၀၀
၂	ပဲခူး	၆							၁၈၁၂၀	၁၇%	၃၀၀၀	၁၈၁၂၀	၁၇%	၃၀၀၀	၆၀၀.၀၀
၃	မကွေး	၂၄	၆၀၀			၁၆၀၆၀	၂၁%	၃၃၇၃	၂၄၃၇၆၁	၁၉%	၄၆၆၂၇	၂၆၀၄၂၁	၂၁%	၅၀၀၀၀	၁၀၀၀၀.၀၀
၄	မန္တလေး	၂၀	၁၁၂၀၀	၁၆%	၁၇၉၆	၃၁၃၄၀	၂၅ %	၇၈၃၅	၁၆၁၄၇၄	၁၉%	၃၀၃၆၉	၂၀၄၀၁၄	၂၀%	၄၀၀၀၀	၈၀၀၀.၀၀
	စုစုပေါင်း	၅၁	၁၁၈၀၀	၁၆%	၁၇၉၆	၅၂၅၂၃	၂၄%	၁၂၆၄၂	၄၂၈၅၄၆	၁၉%	၈၁၅၆၂	၄၉၂၈၆၉	၁၉%	၉၆၀၀၀	၁၉၂၀၀.၀၀

စစ်ကိုင်းမြို့၌ အရှည်ပေ ၅၆၀၀ ရှိ သမတက္ကသိုလ်လမ်း နိုင်လွန်ကတ္တရာလမ်းခင်း

မုံရွာ မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ နိုင်လွန်ကတ္တရာ စက်ရုံအမှတ်(၂) ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက်က စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် အဆိုပါစက်ရုံ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းမြို့သည် နိုင်ငံခြားခရီးသည်များ များစွာလာရောက်လည်ပတ်သည့် ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်လွန်ကတ္တရာစက်ရုံနှင့် ဆက်စပ်ယာဉ်ယန္တရားများကို ဦးစားပေးလျာထား ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ကိုင်းမြို့တွင် နိုင်လွန်ကတ္တရာစက်ရုံသစ်ကြီး တည်ဆောက်ပေးသကဲ့သို့ စည်ပင်သာယာရေးအဖွဲ့များကလည်း စနစ်တကျလုပ်ငန်း ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို စေတနာထားဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ စစ်ကိုင်းမြို့နေပြည်သူလူထုအနေဖြင့်လည်း ဆောင်ရွက်ပေးသွားမည့်လမ်းများကို ရေရှည်တည်တံ့ရေး၊ သန့်ရှင်းသာယာလှပရေးကိစ္စရပ်များတွင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သမတက္ကသိုလ်လမ်း နိုင်လွန်ကတ္တရာလမ်းခင်းကျင်းခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက သမဝါယမတက္ကသိုလ်လမ်း အရှည်ပေ ၅၆၀၀၊ အကျယ် ၃၂ ပေ၊ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် စစ်ကိုင်းမြို့အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် နိုင်လွန်ကတ္တရာလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ခေတ်မီစက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး(မြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ရှိ တပ်မတော်စစ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှု

လွိုင်ကော် မေ ၁၇

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လွိုင်ကော်မြို့ရှိ တပ်မတော်စစ်ဆေးရုံ ခုတင်(၇/၁၀၀)၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား မေ ၁၆ ရက်က သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆေးကုသဆောင်များသို့ သွားရောက်၍ ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်စစ်ဆေးရုံရှိ လူနာများအတွက် လိုအပ်သော ဆေးပစ္စည်းများ၊ သောက်ရေသုံးရေ အဆင်ပြေမှုရှိစေရေးအတွက် ဂါလန် ၈၀၀ ဆံ့ ရေစင်နှင့် ထောက်ပံ့ငွေကျပ် ၅၀၄၀၀၀၀ ကို ထောက်ပံ့လှူဒါန်းရာ တပ်မတော်စစ်ဆေးရုံတပ်မှူးက လက်ခံယူခဲ့သည်။ ပြည်နယ်အစိုးရအဖွဲ့မှ လူနာများနှင့် တပ်မတော် စစ်ဆေးရုံအတွက် စုစုပေါင်း လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(မြန်/ဆက်)**

စာမျက်နှာ ၁၆ မှ

ဝမ်းသာပီတိဖုံးစေကာ ကုသိုလ်လည်းရ-ဝမ်းလည်းဝ ဆိုဘိသကဲ့သို့ ခံစားနိုင်ကြမည်လည်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာချည်ထည်များဝတ်ဆင်၍ ပြည်တွင်းဖြစ်ကို သုံးစွဲလာကြခြင်းအားဖြင့် ပြည်ပသွင်းကုန်အစားထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် နိုင်ငံခြားငွေသုံးစွဲမှုလျော့နည်းလာနိုင်တော့မည်လည်း ဖြစ်ပါသည်။ ဝါစိုက်ပျိုးရေး စီမံကိန်းအရ သမဝါယမအသင်းသားတောင်သူများအား တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော မြေသြဇာများ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တိုင်းဒေသကြီး လေးခု၊ မြို့နယ် ၉၅ မြို့နယ်တို့တွင် မိုးဝါ ၁၂၆၄၂ ဧက၊ မိုးနှောင်းဝါ ၈၁၅၆၂ ဧကနှင့် မိုးကြိုဝါ ၁၇၉၆ ဧက စုစုပေါင်း ဧက ၉၆၀၀၀ အတွက် ငွေကျပ်သန်း ၁၉၂၀၀ ဖိုး ထောက်ပံ့ပေးနိုင်ရေး ဖော်ပြပါဇယားအတိုင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

သမဝါယမကဏ္ဍမှ ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးလိုအပ်သော သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ(ပြည်ထောင်စု/တိုင်းဒေသကြီး)၊ သမဝါယမအသင်းပိုင်ငွေကြေးများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံထားကြောင်း သိရှိရပါသည်။ မည်သို့ပင်ဆိုစေ ဝါစိုက်တောင်သူများအတွက် ဝါဂွမ်းပိုမို ထွက်ရှိလာစေရေး လိုအပ်သော သွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ပေးချေရမည်ဖြစ်ခြင်းနှင့် ထွက်ရှိလာသော ဝါဂွမ်းများကို ဈေးကွက်ချိတ်ဆက်ပေးခြင်းကို သမဝါယမအသင်းများမှ ကူညီဆောင်ရွက်ပေးသွားမည်ဟု သိရှိရ၍ ဝင်ငွေတိုးပွားရရှိလာမည်မှာ မလွဲကေန် ဖြစ်ပါသည်။

ဝါစိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြမည့်ကုမ္ပဏီများ၊ အဝယ်ဒိုင်များ၊ သမဝါယမအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ထွက်ရှိလာသော ဝါကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး စိတ်ပါဝင်စားမှုရှိပြီး ဖြစ်မြောက်အောင် ဦးဆောင်လုပ်ကိုင်နိုင်မည့် သမဝါယမအသင်းများ/အသင်းသားများထံသို့ ဝါကြိတ်စက်၊ ဝါဖန်စက်၊ ဝါဂွမ်းဖိစက်၊ ဝါလိပ်စက်၊ ဝါစေ့ဆီစက်များကို တည်ထောင်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဟု သိရှိရ၍ ဝါဈေးကွက်မှာ တောင်သူများကြိုက်နှစ်သက်သည့် ဈေးကောင်းများရရှိကာ ဝင်ငွေကိုယ်စီတိုးမြှင့်ရရှိလာနိုင်တော့မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်များအား သမဝါယမကဏ္ဍမှ တတ်စွမ်းသည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သော ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးပွားလာစေရေးကို အကောင်အထည်ဖော်သည့်အနေဖြင့် ဝါစိုက်တောင်သူများအား လိုအပ်သောမျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်မည့် ဝါစိုက်ပျိုးရေးစီမံကိန်းကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ဝတ်ဆင်ရေးအဆင်ပြေချောမွေ့လာနိုင်ခြင်းနှင့် တောင်သူများဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ခြင်းတို့ကြောင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကိုးကား

စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနမှ စာရင်းအချက်အလက်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၆ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aung Han Mhan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၀) ရပ်ကွက်နေ အောင်ဟေမာန်အား မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၁၇-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံး နေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်	၄၆.၃	၁၁၅.၃
၂။	မြင်းခြံ	၄၅.၀	၁၁၃.၀
၃။	တံတားဦး (လေကြောင်း မိုးလေဝသ)	၄၅.၀	၁၁၃.၀
၄။	မင်းဘူး	၄၄.၈	၁၁၂.၆
၅။	မြင်းမူ	၄၄.၆	၁၁၂.၃
၆။	ညောင်ဦး	၄၄.၅	၁၁၂.၁
၇။	မုံရွာ	၄၄.၄	၁၁၁.၉
၈။	မကွေး	၄၄.၃	၁၁၁.၇
၉။	ရွှေဘို	၄၄.၀	၁၁၁.၂
၁၀။	မန္တလေး	၄၄.၀	၁၁၁.၂

ပန်းပင် ရေလောင်းလျှင် ရေပိုက် မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒိုးကျေးရွာ ဂျာနယ် ထွက်ရှိ

၁၅-၅-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၁၀) တွင်
- သွန်းလောင်းပူဇော် ကဆုန်ညောင်ရေပွဲတော်
- နာနတ်ပင် တိုးချဲ့စိုက်ပျိုး ဝင်ငွေတိုး
- မိုးရာသီမှာ အကျိုးများဖို့ သီးနှံလေးမျိုးစိုက်ပျိုးစို့
- သွင်းကုန်အစားထိုး ရွက်ဖျန်းအားတိုးဆေးရည် တန်ဖိုးမြင့်ထုတ်လုပ်
- ကျွဲ၊ နွား အစာအိမ်လေဖောင်းရောဂါကုသနည်း
- သီးနှံအထွက်တိုးစေပြီး စိုက်ပျိုးရေးအထောက်အကူပြု ပျားမွေးမြူရေး
- ဆေးဖက်ဝင် ငုရွှေဝါအစွမ်း အံ့မခန်း
- အရသာကောင်းမွန်ပြီး အာဟာရဓာတ်ပေါကြွယ်ဝသော မြေစာဥ စသည်တို့ အပါအဝင် စိုက်ပျိုးရေးမွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၁၇-၅-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	နေပြည်တော်	၃၇.၅	၉၉.၅
၂။	ရန်ကုန်	၃၇.၀	၉၈.၆
၃။	မန္တလေး	၄၄.၀	၁၁၁.၂

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၄၅ ကျပ်	၂၄၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၉၅ ကျပ်	၂၄၇၅ ကျပ်
အောက်တိန်း ၉၂	၂၆၂၅ ကျပ်	၂၇၀၀ ကျပ်
အောက်တိန်း ၉၅	၂၇၅၀ ကျပ်	၂၈၂၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၇

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်တင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၇၀၀	၈၇၀၀	၇၈၈	၆၈၃၂၅၀၀
MTSH	၂၉၀၀	၂၉၅၀	၁၂၆၇	၃၆၇၆၈၀၀
MCB	၀	၀	၀	၀
FPB	၁၅၀၀	၁၅၅၀	၇၄၀၁	၁၁၁၀၁၅၅၀
TMH	၀	၀	၀	၀
EFR	၁၇၀၀	၁၇၅၀	၅၉၂	၁၀၃၁၀၀၀
AHPC	၀	၀	၀	၀
MAEPC	၂၂၀၀	၂၂၅၀	၈၂၀	၁၈၄၂၀၀၀

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ဓာတ်ဆီဂါလန်(၂.၀)သန်းအား Retender အဖြစ် အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်း အမျိုးအမည်	ပမာဏ (ဂါလန်)	တင်ဒါပိတ်ချိန်		တင်ဒါဖွင့်ချိန်	
			နေ့ရက်	နာရီ	နေ့ရက်	နာရီ
၁	ဓာတ်ဆီ	၁,၀၀၀,၀၀၀	၄-၆-၂၀၂၄	၁၂:၀၀	၄-၆-၂၀၂၄	၁၄:၀၀
၂	ဓာတ်ဆီ	၁,၀၀၀,၀၀၀	၂-၇-၂၀၂၄	၁၂:၀၀	၂-၇-၂၀၂၄	၁၄:၀၀

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ခွာညိုလမ်း၊ မြေကွက်အမှတ် (၁၁၃၇/၁၅၁၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးစိန်မြင့် (၁၂/မဘန (နိုင်) ၀၁၃၃၆၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစိန်မြင့်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၁)၊ ဦးပိုင်အမှတ်(၅၅)၊ မဟာ္ခရာလမ်းနှင့်တပင်ရွှေထီးလမ်းကြား၊ ၆၄ x ၆၅ လမ်းကြား ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းစီ၏(SPရသူ ဦးရန်ကျိန်ဟန်(ခ) ဦးလှအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၁၇/၂၀၁၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ဇာကိုကို ၈/ပခက(နိုင်)၁၆၀၀၃၆ က အမှုတွဲအမှတ် ၀၅၅၈/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက် အမှတ်(၅၈၁)၊ ဦးပိုင်အမှတ်(၃၅-င)၊လမ်း၃၀၊ ၈၁ x ၈၂ လမ်းကြားရှိ ဒေါ်အေးရင်၊ ဒေါ်ခင်တင့်၊ ဒေါ်ကြည်ကြည်၊ ဦးသောင်းဝင်းဦး၊ ဒေါ်ရီရီ၊ ဦးညွန့်မောင်၊ ဦးသန်းဝင်းလတ် အမည်ပေါက် ဘိုးဘမြေကွက်အား ဦးသောင်းဝင်းဦးနှင့် ဇနီး ဒေါ်စောမမ၊ ဦးညွန့်မောင်နှင့် ဇနီး ဒေါ်ခင်စောဦး၊ ဒေါ်အေးရင်၊ ဒေါ်ခင်တင့်(အပျိုဘဝ)၊ ဒေါ်ကြည်ကြည် (အပျိုဘဝ)၊ ဦးသန်းဝင်းလတ်နှင့် ဇနီး ဒေါ်ခင်ညိုညိုလတ်တို့ ကွယ်လွန်၍ ကျန်ရစ်သူများ ဖြစ်ကြသော ဒေါ်သီတာနွယ်ဦး ၁၂/ဒဂန(နိုင်)၀၁၈၆၃၅၊ ဦးမိုးကျော်ဦး ၁၂/ဒဂန(နိုင်)၀၁၈၆၄၇၊ ဒေါ်ဝင်းအေးညွန့်(ခ) စုဝင်းမြတ် ၁၂/ဒဂန(နိုင်)၀၂၁၆၄၀၊ ဦးအောင်ကျော်မိုး ၁၂/ဒဂန(နိုင်)၀၀၀၅၃၁၊ ဒေါ်သက်သက်လတ် ၉/မနတ(နိုင်)၀၁၀၁၇၅၊ ဒေါ်ရီရီ ၉/မရမ(နိုင်)၀၇၀၆၃၃ တို့က ဘိုးဘ အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၇) (သံဒင်း)ရပ်ကွက်၊ မြေကွက်အမှတ်- ၈၅၈(ခ)၊ အကျယ်အဝန်း ပေ(၂၀ x ၆၀)ရှိ ဒေါ်ခင်စိန် ၁၂/ကမန(နိုင်)၀၈၃၉၁၂ အမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်နှင့် မြေပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသိန်းထွန်း ၁၂/ကမတ(နိုင်)၀၈၃၅၇၇ က တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့် ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်အောင် ၁၄/ဟသတ (နိုင်)၂၁၇၄၉၄ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက် စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သီတာလွင် (LL.B, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၀၆/၂၀၁၆)
အမှတ်-၉၊ ဆရာမကြီးလမ်း၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဗဟန်းမြို့နယ်။
ဖုန်း-၀၉-၄၂၅၀၁၈၆၄

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ-၂၊ ဦးပိုင်အမှတ်(၄၉)၊ ၇၂(စီ)လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မေစီ ၏ (GP ရရှိသူ ဒေါ်ရှင်းဟွေ)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၈၇၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဉာဏ်ဝင်းအောင် ၅/ခတန(နိုင်)၀၁၃၉၄၅၊ ဦးအောင်ဆန်းကျော် ၉/မဟမ(ပြု)၀၀၀၃၃၇ တို့က အမှုတွဲအမှတ်(၀၅၆၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ-၃၊ ဦးပိုင်အမှတ်(၉၅-က)၊ ၇၁(A) လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးမြင့်၏ (SP ရရှိသူ ဦးအောင်လင်းဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၀၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစန်းထွန်း ၉/မလန(နိုင်)၀၉၃၀၆၅ က အမှုတွဲအမှတ် (၀၅၃၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် လလ-၂၇၊ ဦးပိုင်အမှတ်(၂၀+၂၁)၊ ၅၉ x ၆၀.Aလ မ်း၊ ကနောင်မင်းသားကြီး လမ်းနှင့် မဟာ္ခရာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုဗိုလ်မှူးကြီး ဘိုးအောင် ၉/အမရ(နိုင်)၀၀၃၂၁၅ ၏ (GP ရရှိသူ ဦးနေမင်းအောင်)က အမှုတွဲအမှတ် (၀၅၆၄/ ၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးလုပ်ရန် လမ်းမတန်းရှာနေသူများအတွက် အချက်အချာကျ နေရာကောင်း ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ ငွေမကိုင်ထားဘဲ မြေဝယ်ရင်းနီးမြှုပ်နှံပြီး တန်ဖိုးတက်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ ဘဏ်ဖွင့်ရန်၊ ဈေးဆိုင်ဖွင့်ရန်၊ မျက်နှာစာလမ်းမကြီးပေါ်တွင် နေထိုင်ရန်အလွန်ကောင်း၊ ရန်ကုန်၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီးဘေး မြေအကျယ်(၄၀' x ၆၀')၊ မြေပိုင်မြေ။

ကျပ်သိန်း (12,000)

၂။ ငွေမကိုင်ဘဲ ပစ္စည်းကိုင်ပြီး တန်ဖိုးတက်လိုသူများအတွက် သုဝဏ္ဏလမ်းမတန်း၊ မျက်နှာစာ(၇၀')၊ ရှေ့နောက်(၉၀')၊ (၄၅' x ၅၀') 2RC တိုက်(၁)လုံး၊ (၁၂' x ၂၅') ဝန်ထမ်းအိမ်(၁)လုံး၊ Master bedroom (၃) ခန်း၊ Single bedroom (၅) ခန်း၊ Aircon (၁၄) လုံး၊ ကား(၆)စီးဆန့် ကားပါကင်ကျယ်၊ မိသားစုများများနဲ့ ကျယ်ကျယ်ဝန်းဝန်း နေထိုင်လိုသူများ၊ ရုံးခန်းဖွင့်လိုသူများ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။

ကျပ်သိန်း (30,000)

၃။ ခြံကျယ်ကျယ်နှင့်နေလိုသူများ၊ သက်သာသောဈေးနှုန်းဖြင့် ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများ၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ၊ မြေကျယ် **Sqft 6468** ရှိသောမြေကွက်၊ သာကေတ၊ ရတနာအိမ်ရာ၊ **VIP** မြေကွက်။

ကျပ်သိန်း (8,000)

၄။ ပဲခူးမြို့၊ **VIP** ရပ်ကွက်၊ မြေအကျယ် (၁၀၀' x ၁၀၀')၊ ဂရန်မြေ၊ တစ်ထပ်တိုက်(၁)လုံးပါ၊ အုတ်တံတိုင်းခတ်ပြီး၊ ရုံးပေါင်းစုံအနီး၊ ဆည်မြောင်းဝင်းဘေး အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင် ကောင်းကောင်း ခြံကျယ်ကျယ်တွင် ကိုယ်ပိုင်ခြံဝန်းနှင့်နေထိုင်လိုသူများအတွက်။

ကျပ်သိန်း (1000)

ဖုန်း – 09–5178979, 09–451146685, 09–263699715, 09–401535959

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်နေ မောင်ကြည်လင်း ၇/တငန(နိုင်) ၁၁၈၉၄၅၏ နိုင်ငံကူးလက်မှတ် အမှတ် (M-350463)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၉၆၉၁၉

မွေးသက္ကရာဇ်မှန်

ဦးဘမြင့်၏ သား မူဆယ်မြို့၊ မူလတန်းလွန် ကျောင်း၊ အမှတ်(၄) Grade-5 မှ မောင်စစ်ငြိမ်းနိုင်၏ မွေး သက္ကရာဇ်မှန်မှာ မွေးလက်မှတ်အရ ၃-၅-၂၀၀၈ ဖြစ်ပါကြောင်း။

၃-၅-၂၀၀၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/78306 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမျိုးဇော် ၉/မနတ(နိုင်) ၁၀၁၄၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/32437 New Aibo-110, M/C ယာဉ်လက်ဝယ် ရှိသူ Lwin Moe Aung Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ်(၁၆)၊ ၇၃ လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လင်ရှုဝ(ခ)ခင်ခင်ရီ ၏ (GP ရသူ ဦးမျိုးဟန်လင်း)ထံမှ မှတ်ပုံတင် လှူဒါန်းစာချုပ်အမှတ်(၄၅၄/၂၀၂၄ ဖြင့် လှူဒါန်းမှုကိုလက်ခံသူ ထေရဝါဒ ပရိယတ္တိသာသနာဟိတဥပတ္ထမ္ဘကအဖွဲ့၏(ကိုယ်စားအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)အရ ဦးပိုမြင့်၊ ဦးကိုကို၊ ဦးညီညီချစ်တို့မှ တာဝန်ခံ လက်မှတ်ရေးထိုးပါသည်) က အမှုတွဲအမှတ် ၀၅၆၂/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ် င-၂၊ ဦးပိုင်အမှတ်(၁၇၅)၊ ၆၂(B)လ မ်း၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယုယုလွင်၊ ဦးအောင်ကျော်ဦးတို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၇၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးခိုင်သိန်း ၅/ကဘလ(နိုင်)၂၁၃၅၂၆ က အမှုတွဲအမှတ်(၀၅၄၅/ ၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၁၅)၊ ၇၃လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ဇော်၏ (SP ရရှိသူ ဦးမျိုးဟန်လင်း)ထံမှ မှတ်ပုံတင်လှူဒါန်းစာချုပ်အမှတ်(၄၃၀၂/၂၀၂၃)ဖြင့် လှူဒါန်းမှုကိုလက်ခံသူ ထေရဝါဒပရိယတ္တိသာသနာဟိတဥပတ္ထမ္ဘကအဖွဲ့၏ (ကိုယ်စားအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃) အရ ဦးပိုမြင့်၊ ဦးကိုကို၊ ဦးညီညီချစ်တို့မှ တာဝန်ခံလက်မှတ်ရေးထိုးပါသည်)က အမှုတွဲအမှတ် ၀၅၆၁/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၂)၊ ဦးပိုင်အမှတ် (၇၅)၊ ၈၃ x ၈၄ ကြား၊ ၃၉ x ၄၀ လမ်းကြားရှိဘိုးဘမြေကွက်အမည်ပေါက်သူ (ခင်ပွန်း) ဦးမောင်မောင်စိုး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၅၀/၂၀၁၇) ဖြင့် အမွေဆက်ခံခဲ့သည့်(ဇနီး) ဒေါ်မီမီအောင်(ခ)ဒေါ်မြဝင်းကြည် ၉/မရတ(နိုင်)၀၅၅၉၉၉ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၄၄/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်ကြွယ် ၉/မနမ(နိုင်)၀၉၇၉၇၃ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သုခမိန်လမ်း၊ မြေကွက်အမှတ်(၄၀၂)၊ (၄၀ x ၆၀)ပေ၊ ၀ ဒသမ ၀၅၅ ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ်(၆၀)မြေငှားဂရန် မူလအမည်ပေါက် ဦးရဲခေါင်ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဇော်လွင်ဦး ၁၂/ကမတ(နိုင်)၀၃၅၁၄၆ နှင့် ဒေါ်လွင်လွင်သန်း ၁၀/မလမ(နိုင်)၀၄၈၄၄၇ တို့က ၁၁-၁-၂၀၀၃ ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆိုပြီးသည့်ရက်မှစ၍ ယနေ့အချိန်အထိ လက်ရောက်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများကသာလျှင် ယင်းမြေကွက်လက်ရှိပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသော ပိုင်ရှင်များဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထူး LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)

ဦးဇော်မိုးလွင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)

ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး(မ၀တလမ်းဆုံ)၊
(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁၊

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၇ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	DMP/L-008(24-25)CAP (Retender)	Single Pump Cementing Unit with Engine (1) Set	Ks
(၂)	DMP/L-009(24-25)CAP (Retender)	Spare Parts for SJS Serva Cementing Unit (35) Items	Ks
(၃)	DMP/L-029(24-25)CAP (Retender)	Spare Parts for Drive Group (10) Items	Ks
(၄)	DMP/L-034(24-25)CAP (Retender)	Spare Parts for D 85 ESS-2 Komatsu Dozer(63)Items	Ks
(၅)	DMP/L-167(24-25)CAP	Electrical Materials for 11-6.6/0.4 KV, 500 KVA Transformer (4) Groups	Ks
(၆)	DMP/L-168(24-25)	Assorted Kinds of Filter (1) Lot	Ks
(၇)	DMP/L-169(24-25)	Assorted Kinds of Belt (1) Lot	Ks
(၈)	DMP/L-170(24-25)	Assorted Kinds of Bearing (1) Lot	Ks
(၉)	DMP/L-171(24-25)	Electrical Materials for Yenangyaung (2) Groups	Ks
(၁၀)	DMP/L-172(24-25)	PGO-140 GL-5 Gear Oil (150) Drums	Ks
(၁၁)	DMP/L-173(24-25)	SAE VG 40 Engine Oil (390) Drums	Ks
(၁၂)	DMP/L-174(24-25)	ISO VG 100 Gas Compressor Oil (125) Drums	Ks

၂။အိတ်ဖွင့်တင်ဒါပုံစံများကို **၁၇-၅-၂၀၂၄ ရက်နေ့**မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၃၁-၅-၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီ** တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
ဖုန်း၊ ၀၆၇-၄၁၁၂၀၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇(ဂေါက်ကွင်းအိမ်ရာ)၊ မြေကွက်အမှတ်-၄၇ ဟုခေါ်တွင်သော ဧရိယာ(၀. ၂၅၇)ဧကရှိ ဒေါ်ခင်ခင်ဌေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဌေးမှလွှတ်လပ်သောသဘောဆန္ဒအရ သမီးအရင်းဖြစ်သူ ဒေါ်လွင်လွင်ဝင်းအား မေတ္တာဖြင့်ပေးကမ်းခြင်းအပေါ် လက်ခံသူ တရားဝင်ပိုင်ဆိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ မေတ္တာဖြင့်ပေးကမ်းခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့်ပေးကမ်းခြင်းကို အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဉာဏ်လွင်မော် (အထက်တန်းရှေ့နေ) (စဉ်-၅၂၄၂၁)
အမှတ်-၁၀၈၊ ပထမထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၈၉၄၀၆၆၆၅၅၊

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အကွက်အမှတ်(၁၂/၁ခ)၊ ဦးပိုင်အမှတ် (၉၆)၊ မြေချိန်ဧရိယာ (၀.၁၈၃)ဧကရှိ မြေကွက်သည် မူလက ဦးအင်ဝမ်းလဆမ်အမည်ဖြင့် (၁-၆-၂၀၅၁) ရက်နေ့ထိနှစ်(၃၀)မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးအင်ဝမ်းလဆမ်က(၈-၄-၂၀၂၄) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၆၇/ ၂၀၂၄)အရ မူလမြေဧရိယာ(၀.၁၈၃)ဧကအနက်မှ အရှေ့ဘက်အခြမ်း ဧရိယာ(၀.၀၅၁)ဧကရှိမြေကွက်အား ဦးပိုင်ခွဲစိတ်၍ ဒေါ်နွံ့နွံ့ဦး ၁/မကတ(နိုင်)၁၄၀၅၀၅ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်နွံ့နွံ့ဦး အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/ အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇) ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၃၃၆)၊ မြေဧရိယာ သုည ဒသမ ၀၃၄ ဧက အား မြေငှားဂရန်အမှုတွဲအမှတ် ၁၀၉/၁၉၉၃- ၁၉၉၄ အရ ဒေါ်ကြူဝင်း အမည်ဖြင့် ရရှိခဲ့ပြီး (၁၉-၁၂-၂၀၂၃)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှား ဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်ကြူဝင်း ၆/မအရ (နိုင်) ၀၇၇၆၁၇မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြိတ်မြို့

ရောင်းရန် ရှိသည်

၁။ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ မြေမိကုန်းရပ်ကွက်၊ ကွင်းအမှတ် (၄၉၀)၊ ပုထိုးဖြူကွင်း၊ ဦးပိုင်အမှတ်(၁၇/၂) (အလျား-၁၂၀'xအနံ၄၀') ဧရိယာ-ဧက-(၀.၁၁)ဧကမြေပေါ်ရှိ(အလျား၈၀'xအနံ၂၀'xအမြင့်၁၂') (၄)ခန်းတွဲ တိုက်ခန်းအဆောက်အအုံ
(ပုံစံ-၁၀၅ ရှိပြီး)

၂။ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ သစ္စာမြိုင်ရပ်ကွက်၊ အကွက်အမှတ် (၁) ဦးပိုင်အမှတ် -(၁၇၂/၁၅၁)၊ ဧရိယာ (၀.၁၆၇) ဧက ဝိုင်းမြေ (အလျား ၁၂၀'x အနံ ၆၀') မြေပေါ်ရှိ
(ပုံစံ ၁၀၅ ရှိပြီး)

(က) မြေအကျယ် (၈၀' x ၆၀') ဧရိယာ (၀.၁၁၁၃) ဧကနှင့် (၄)ခန်းတွဲတိုက် အဆောက်အအုံ (၆၀'x ၁၈'X ၁၂')

(ခ) မြေအကျယ် (၄၀'x ၆၀') ဧရိယာ (၀.၀၅၅၆) ဧကနှင့် (၂)ထပ်တိုက် အဆောက်အအုံ (၂၇ 'x ၂၇'x ၂၂')

ဆက်သွယ်ရန် -၀၉-၆၅၂၂၈၁၀၉၅၊ ၀၉-၇၉၄၅၂၂၉၁၅၊ ၀၉-၄၂၃၇၃၇၇၀၈

ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ရှမ်းစုကြီးကျေးရွာနေ (ဘ) ဦးငွေစိုး၏သမီး ဒေါ်မြတ်သူဇာစိုး ၇/တငန(နိုင်)၁၂၉၃၇၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB- 104304)မှာ ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉-၂၆၄၅၃၀၄၆၆

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်နေ မဖြိုးသဇင် ၈/ဆပဝ(နိုင်)၁၀၄၀၅၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉-၄၂၀၇၅၄၃၂၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ချင်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
ဟားခါးမြို့

ချင်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဟားခါးမြို့၊ ခိုင်ကမ်းအားကစားရုံနှင့် ဝန်ထမ်းအိမ်ရာ မြောက်ဘက်ခြမ်းမြေထိန်းနံရံပြုလုပ်ခြင်းနှင့် ခိုင်ကမ်းအားကစားရုံအကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စိတ်ဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်စည်းကမ်းချက်များကို (၁၆-၅-၂၀၂၄)ရက်မှစ၍ ချင်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူပြီး (၃၁-၅-၂၀၂၄) ရက် (၁၆:၃၀)နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း - ၀၉-၂၄၅၁၀၄၈၊ ၀၉-၄၃၀၇၉၃၀၈
အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/8386 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၁၅၀၀၀၀)ဂါလန်၊ Octane-92(၁၀၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၅၀၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၂၄ ရက်
(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၂၄-၅-၂၀၂၄ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့် နေရာ** - ၆၂ လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန
(ဃ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်ရက်** - ၃-၆-၂၀၂၄ ရက်
(င) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁ x ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ(၁)
(စ) **တင်ဒါ(၁)စုံရောင်းဈေးနှုန်း** - ပစ္စည်း(၁)မျိုးလျှင် ကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီ ဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည်တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြက်သကိုင်အုပ်စု၊ လွဲကုန်းရွာနေ ဦးအေးလွင် ၈/စလန(နိုင်)၀၂၇၆၄၇ နှင့် ဒေါ်မာမာဝင်း ၈/စလန(နိုင်) ၀၈၂၂၆၁ တို့၏သားများ၏ အမည်မှန်မှာ မောင်ပြည့်စုံကြွယ် ၈/စလန(နိုင်)၂၇၂၄၅၃ နှင့် မောင်အောင်ဘုန်းမြင့်ဇော်တို့ ဖြစ်ပါကြောင်း။

ဦးအေးလွင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထက်ထက်အေး (၁၂/ကမရ(နိုင်) ၀၀၀၀၈၆၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ် (၄၂၉)ဟုခေါ်တွင်သော (၂) ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီခြေရင်းခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချသူ ဦးမိုးကျော်တင်မှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်အေးက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း သက်သေအထောက်အထား(မူရင်းများ)နှင့်တကွ ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဇာခြည်ဦး အထက်တန်းရှေ့နေ (စဉ်-၄၈၆၃၈)
အမှတ်-၁၁၇/၁၂၇၊ ၃၆လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၅၀၄၃၉၅၅၊ ၀၉-၄၀၄၄၇၇၀၀၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများအတွက် မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့ရှိ စီမံချက်ကျေးရွာများတွင် ရေတွင်းတူးခြင်း၊ ရေလှောင်ကန်တည်ဆောက်ခြင်း၊ လက်ဆေးဘေစင်နှင့် ရေစင်တည်ဆောက်ခြင်း၊ ကျောင်းအိမ်သာနှင့် စွန့်ပစ်ပစ္စည်းမီးရှို့ကန် ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ထုတ်ယူရမည့် ရက်နှင့်အချိန်** - (၁၈-၅-၂၀၂၄)ရက်၊ (ရုံးချိန်အတွင်း)
တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်ရက်နှင့်အချိန် - (၂၂-၅-၂၀၂၄)ရက်၊ (ရုံးချိန်အတွင်း)
တင်ဒါပုံစံတင်သွင်းရမည့် ရက်နှင့်အချိန် - (၂၄-၅-၂၀၂၄)ရက်၊ (ရုံးချိန်အတွင်း)
တင်ဒါထုတ်ယူရန်နှင့် တင်သွင်းရမည့်နေရာ - မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ အမှတ်(၄၂)၊ကမ်းနား လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဦးအာကာမင်း၊အကြီးတန်း ထောက်/ ပို့အရာရှိ
ဖုန်း - ၀၉-၉၇၇ ၉၃၈ ၅၈၆

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းများ အသေးစိတ်ကို သိရှိလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

စဉ်	တည်နေရာ	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ပြည်နယ်စည်ပင်	(၈၀/၁၀၀)ကတ္တရာ	၁၆၂.၇၃ တန်
(ခ)	မော်လမြိုင်စည်ပင်	Chlorine(NaOcl,Liquid)	$23.8m^3$
		PAC	113000 kg
		Polymer	2800 kg

၂။ အထက်ပါလုပ်ငန်းသုံးပစ္စည်းများကို တင်သွင်းရန်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်၊အချိန်** - ၂၀-၅-၂၀၂၄ရက် (တနင်္လာနေ့) မှ ၂၇-၅-၂၀၂၄ရက် (တနင်္လာနေ့)ထိရုံးချိန်အတွင်း
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်၊ အချိန်** - ၂၈-၅-၂၀၂၄ရက် (အင်္ဂါနေ့)၊ (၁၀:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်၊အချိန်** - ၂၈-၅-၂၀၂၄ရက် (အင်္ဂါနေ့)၊ (၁၀:၃၀)နာရီ
(ဃ) **နေရာ** - မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ ကျိုက္ခမီလမ်း မောင်ငံရပ်၊ မော်လမြိုင်မြို့

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၆၉၅၉၉၉၆၆၀ နှင့် ၀၉-၇၉၁၇၉၁၃၉၃ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ဦးသန်းဝင်း(ဘ)ဦးကျင့်ဝမ် ၁၂/မဂတ(နိုင်)၀၄၇၇၁၃ အခန်းအမှတ် B2/ 001 သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ အလုံမြို့နယ်၊ ညီဖြစ်သူ ဦးသန်းထိုက်နှင့်သက်ဆိုင်သူများသိစေရန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ဝေဠုဝန်ရပ်ကွက်၊ ဝေဠုဝန်လမ်း၊ အမှတ်၁၃၁၀နေ ဒေါ်ဝင်းသန္တာလှိုင် ၁၄/မမန(နိုင်)၂၉၇၉၈၃ ၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ဒေါ်စန်းသီတာစိုး (တရားလွှတ်တော် ရှေ့နေ)၏ (၂၃-၁၂-၂၀၂၂)ရက်စွဲပါ အကြောင်းကြားစာအား ရည်ညွှန်းလျက် (ဘ)ဦးကျင့်ဝမ်၏ သားများဖြစ်ကြသော ၁။ဦးအောင်ကျော်စိုး(ခ)ဦးခင်ငြိမ်း၊ ၂။ဦးသန်းဝင်း ၃။ ဦးသန်းထိုက် ညီအစ်ကို(၃)ဦး အမည်ပေါက် ပိုင်ဆိုင်သော

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-L)၊ မြေကွက် အမှတ်(၁၁၈A၄ / E-၂)၊ ဧရိယာ (၀.၀၇၉)၊ မြေပိုင်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ် (၃၄၃)၊ ဧရိယာ-၂.၃၇၆ ဧကရှိ စက်မှုမြေကွက်နှင့် စက်ရုံဂိုဒေါင်(၂)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်။

စသည်တို့နှင့် စပ်လျဉ်း၍ ဦးအောင်ကျော်စိုး၏ဇနီးဖြစ်သူအပေါ် ခွဲဝေပေးရန်အတွက် ဤကြော်ငြာစာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ မည်သို့မည်ပုံခွဲဝေပေးမည့်အကြောင်း တွေ့ဆုံဆွေးနွေးစေလိုပါသည်။

အကယ်၍ လူကြီးမင်းတို့ဘက်မှ ပျက်ကွက်ခဲ့သည်ရှိသော် ဥပဒေရှိသည်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖော်ပြပါအတိုင်း ဦးသန်းဝင်းနှင့် သက်ဆိုင်သူများ သိစေအပ်ပါသည်။

ညွှန်ကြားချက်ပေးသူ	**ညွှန်ကြားချက်အရ -**
ဒေါ်ဝင်းသန္တာလှိုင်	နီနီဝင်း
၁၄/မမန(နိုင်)၂၉၇၉၈၃	တရားလွှတ်တော်ရှေ့နေ
	စဉ်-၅၇၂၆(၃၁-၇-၁၉၉၁)
	အမှတ်-၀၀၃၊ တိုက်-၁၊ ကျန်စစ်မင်း
	အဆင့်မြင့်အိမ်ရာအပိုင်း(၁)၊
	လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်
	ဖုန်း- ၀၉-၂၆၄၉၆၉၃၅၉

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဆန်းမြို့သစ် အပိုင်း(၁)နေ ဦးဇင်မောင်ထွေး ၉/မထလ(နိုင်)၃၀၉၈၈၆၏ သမီး မမိုးသားသံစဉ်အား မမြတ်ခွန်းချိုဇင်ဟု ပြောင်းလဲခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၅-၂၀၂၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄)တွင်ပါသော ကန့်ကွက် ကြော်ငြာတွင် ဦးလှသန်းအစား ဒေါ်တင်လှဟု ပြောင်းလဲဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ရေနံချောင်းမြို့နယ်၊ ဝက်လွတ်ကျေးရွာအုပ်စု၊ ဝက်လွတ်ရွာမသစ် ကျေးရွာနေ မခင်စန္ဒာကျော်၏ဖခင်အမည်မှန်မှာ ဦးနေလင်း ၈/ရနခ(နိုင်)၀၁၀၀၄၂ ဖြစ်ပါကြောင်း။

ဦးနေလင်း

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် သာကေတမြို့နယ်၊ကုတင်(၁၀၀)အထူးကုဆေးရုံကြီးသို့ (၂၄) နာရီ ဓာတ်အားပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်ရန် (ပစ္စည်း+လုပ်အား)ပုတ်ပြတ်(Turnkey)စနစ်မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။
၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၀.၅.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။
၃။ တင်ဒါပိတ်ရက်မှာ(၄.၆.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - V /၁၄၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ မြေကွက်အမှတ် - ၂၀ အီးဇက်ᵉ၊ အိမ်အမှတ် - ၁၁၀ ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၈)ထပ်တိုက်၏ သတ္တမထပ်၊ (၈)လွှာ၊ ဧရိယာ (စတုရန်းပေ ၁၂၀၀) ကျယ်ဝန်းသော တိုက်ခန်းနှင် ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးပိုင် (၁၂/လသန(နိုင်)၀၀၄၂၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းအေး (၁၂/ရကန(နိုင်)၀၆၉၉၂၈)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)
အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၇၉၆၇၆၄၈၉၈

ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေတန်းအုပ်စု၊ သပြေတန်းကျေးရွာရှိ အိမ်အမှတ် (၂၀၃)၊ (အလျား ၂၂ ပေ x အနံ ၉၃ ပေ)၊ (အလျား ၂၁ ပေ x အနံပေ၈၀)ရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော ၁ ထပ် (၂ x ၂)ခန်း၊ နံကပ်သွပ်မိုး နေအိမ်နှင့် ၎င်းမြေပေါ်ရှိ သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးမောင်ငွေ(ဘ)ဦးထွန်းကြည် (၇/ညလပ(နိုင်)၁၃၂၅၀၄)မှ ၎င်းလက်ဝယ်ရရှိတရားဝင်ပိုင်ဆိုင်ပြီး ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ရဲအောင်မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ရဲအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်သက်တင် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၆)
ယောက်သွားအင်းအုပ်စု၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၀၀၄၃၅၅၃၉၊ ၀၉-၈၇၀၈၇၇၁၃၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၅၆၁၇)၊ ဒေါ်ရှိကွေ့ရှန်၊ အဘအမည် ဦးရှိရော်ယင် ၁၃/လရန(နိုင်)၀၇၇၀၇၃ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထား ပေးသည့်လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဒေါ်ရှိကွေ့ရှန်၊ အဘအမည် ဦးရှိရော်ယင် ၁၃/လရန (နိုင်)၀၇၇၀၇၃ မှ မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ ၊ ပျောက်ဆုံးကြောင်းတရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

"ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၁၁)၊ (၅)ရပ်ကွက်၊ မြကန်သာ(၄)လမ်း၊ မြေကွက်အမှတ်(၅/ဃ)၊ အမှတ်-(ရ၃/စီ)၊ Mya Kan Thar ကွန်ဒို၏စတုတ္ထထပ်(၅-လွှာ)၊ အခန်းအမှတ်(၅၀၅)၊ (၁၂၂၅)စတုရန်းပေ အကျယ်အဝန်းရှိကွန်ဒိုတိုက်ခန်းနှင့် တကွအကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ထားရှိရောင်းချပိုင်ခွင့် ရှိသူဖြစ်သော **ဦးယဉ်အောင်(၁၂/ဥကတ(နိုင်)၀၅၀၅၆၄)**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ - **ဦးကျော်မျိုးထွန်း LL.B ,WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉၇၁)
အမှတ်-(၂၄၉/ဂ)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၁၁၂၈၅၊ ၀၉-၂၅၃၀၆၀၆၆၄

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
ပုသိမ်ခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

ဒေါ်စန္ဒာဝင်း နှင့် ဦးပြည့်ဖြိုးကံကြီး
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ကုသိန္နာရုံလမ်း၊ အိမ်အမှတ်(၂၅)နေ ဦးပြည့်ဖြိုးကံကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ငွေးမော်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ပုသိမ်ခရိုင်တရားရုံး

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ် (၁၅၈)နေ ဒေါ်တင်လေးနွယ် ၁၂/ရပတ(နိုင်)၀၀၇၂၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၂၉၃)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(ဘယ်+ညာ)နှစ်ခန်းအား ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးချမ်းမိုး
အထက်တန်းရှေ့နေ (စဉ်-၅၁၁၆၀)
အမှတ် (၁၄၀)၊ မြန်မာ့ဂုဏ်ရည်လမ်း၊
ကန် / နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၉၄၂၈၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၉ဒီ/ဆံတော်အနောက်ကွက်၊ ဦးပိုင်အမှတ်-၁၇၀ᵏ၊ မြို့မြေအမျိုးအစား၊ ဧရိယာ(၀.၀၂၈)ဧကရှိသော ဘိုးဘပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် မြေတွင်းမြေပေါ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်အိမွန်ကျော်ထံမှ ဝယ်ယူပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးသိန်းငွေးထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော HONG YOKE TIN (ခ) HONG YOKE TINL (၇/ပမန(ပြု)၀၀၀၂၈၃)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုဆောင်ရွက်ပြီး ကျွန်ုပ်၏မိတ်ဆွေမှ အမည်ပေါက် ထွက်ရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

HONG YOKE TIN (ခ) HONG YOKE TINL ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြင့်သူဇာဦး (LL.B.) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၉၂)
အမှတ်-၄၁၀(က)၊ တီကျစ်ဆုံလမ်း၊ ဆင်စုရပ်ကွက်၊ ပြည်မြို့၊
ဖုန်း-၀၉၄၃၁၀၄၂၄၈

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ ကွင်းအမှတ်-၁၁/၂၈(က) ထားဝယ်စုကွင်း၊ ဦးပိုင် အမှတ်(၁၇)၊ မြေဧရိယာ ၀ ဒသမ ၁၁၄ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၀/၂၀၀၈-၂၀၀၉အရ ရှင်တိတ်အွီးကုမ္ပဏီ အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးအောင်ကြီးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁/၂၀၂၃) ဖြင့် ဒေါ်အေးအေးသော်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်အေးအေးသော် ၆/မအရ(နိုင်)၀၈၂၆၄၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါကမြိတ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊မြေကွက်အမှတ်(ဥ-၅၄၁၁-စီ)၊ဦးတင်မောင်လှ(ဘ)ဦးရွှေသောင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၁၂ (ဘ) ဦးရွှေသောင်းမှ ဒေါ်အေးအေးမော် ၇/ညလပ(နိုင်)၀၉၂၉၉၆(ဘ)ဦးထွန်းလှိုင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
စစ်တွေတက္ကသိုလ်
ပါရဂူ(PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်တွင်၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြု ဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) မြန်မာစာ
(ခ) သမိုင်း
(ဂ) သင်္ချာ

ယာဉ်အမှတ် 33W/ 78573 Kenbo 125 ယာဉ်လက်ဝယ်ရှိသူ Thike Shwe Pyi Co.,Ltd က (ကမ -၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/ 80100 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူEver Ok Co.,Ltd က (ကမ -၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/ 17452 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Auto Ry Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/98395 Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသိန်းကိုကို ၉/အမရ(နိုင်) ၀၀၀၆၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/5589 Nissan Condor PK 251HZ, Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဝေအောင် ၅/ဒပယ(နိုင်)၀၆၄၄၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
မုံရွာတက္ကသိုလ်
ပါရဂူ(PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘူမိဗေဒ

၂။ ပါရဂူဘွဲ့ (PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည် -

(က) ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ်တက်ရောက် နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ် ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီ မေးခွန်းဝင်ခွင့် စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန် မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြ ဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူ ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ **အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူ**ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့ စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူ သင်ကြားရေးရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

နိုင်ငံဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့် အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံး မဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူ ဖြစ်ရမည်။

၃။ မုံရွာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၄-၅-၂၀၂၄ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မုံရွာတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD)သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၇-၅-၂၀၂၄ (တနင်္လာနေ့) ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၈-၅-၂၀၂၄ (အင်္ဂါနေ့) ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၃၁-၅-၂၀၂၄ ရက် (သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှူး/ဒုဌာနမှူး/မော်ကွန်းထိန်း (ဖုန်း-၀၉-၄၃၁၈၈၄၇၇/၀၉-၂၅၈၈၇၉၈၃၈) တို့ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)
မုံရွာတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
မိတ္ထီလာစီးပွားရေးတက္ကသိုလ်
ပါရဂူ (Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် (၂၀၂၄-၂၀၂၅)ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ

(ခ) ပါဏိဗ္ဗဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့ (PhD)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇူလိုင်(၁)ရက်တွင် အသက်(၄၅)နှစ်ထက် မကျော် လွန်သူဖြစ်ရမည်။

(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ် ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃) နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊သရုပ်ပြနှင့် အဆင့်တူ ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံး ရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက် အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃) နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူ သင်ကြားရေးရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

နိုင်ငံဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ကို CGPA 4.5 နှင့် အထက်ရရှိသူ(သို့မဟုတ်) အနည်းဆုံး မဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာပါရဂူ ဦးစီးကော်မတီက အသိအမှတ်ပြုသူ ဖြစ်ရမည်။

၃။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၄-၅-၂၀၂၄ ရက် (သောကြာနေ့) နောက်ဆုံး ထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၇-၅-၂၀၂၄ (တနင်္လာနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၈-၅-၂၀၂၄ (အင်္ဂါနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၃၁-၅-၂၀၂၄ ရက် (သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ် အချက်အလက်များကို ဘာသာရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှူး(သင်တန်းရေးရာဌာန)(ဖုန်း-၀၉-၇၉၇၄၄၈၀၀၅)၊ မော်ကွန်းထိန်း(ဖုန်း-၀၉-၇၆၈၆၆၃၉၈၉)တို့ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

သင်တန်းရေးရာဌာန
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ရာဇသင်္ကြန်)(၁)မြေကွက်အမှတ်(၄၈)၊ အကျယ်အဝန်း (၄၀'x ၆၀') ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သွယ်သွယ်နွေးထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခိ (၁/မဂတ(နိုင်)၀၀၀၇၁၇)မှလည်းကောင်း၊ (၂) မြေကွက်အမှတ်(၄၇)၊ အကျယ်အဝန်း (၄၀'x၆၀') ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ရီရွှန် (၁/မဂတ(နိုင်)၀၀၀၆၂၉)မှလည်းကောင်း ရောင်းချလာသည့်အတွက် အဆိုပါ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အထက်ဖော်ပြပါ အမည်ပါသူတို့မှ ၎င်းတို့ကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ အဆိုပါ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ၌ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မွန်မွန်ဦး (LL.B,LLM) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၆)
ဒေါ်ညိုမာ (LL.B)အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရေတာလမ်း၊ ရေချမ်းသာအိမ်ရာတွင် တည်ဆောက်ထားသည့် (၁၉)ထပ် အဆောက်အအုံ၏ (၁၁) လွှာ၊ တိုက်အမှတ် (11-A)၊ အခန်းအမှတ် (၂၄၉)၊ အကျယ်အဝန်း (၆၀၀) စတုရန်းပေရှိ စာတိုက်လမ်း၊ ဓာတ်လှေကားပါ ရေချမ်းသာစုပေါင်းပိုင်အဆောက်အအုံ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် တွဲပါဝင်ဆက်စပ်လျက်ရှိသည့်ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာချက်

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ Ayar Chantha Housing Estate စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်စာအုပ်အရ ဦးမြင့်ဇော် (၁/သဃက(နိုင်)၀၂၇၄၄)၏အမည်ဖြင့် မှတ်သားတည်ရှိသည့် ကွန်ဒိုတိုက်ခန်းဖြစ်ပြီး ၎င်းမှ ဖော်ပြပါရောင်းချသော ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ ကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ၌ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မွန်မွန်ဦး (LL.B,LLM) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၆)
ဒေါ်ညိုမာ (LL.B)အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၆)၊ ရေတာလမ်း၊ မြေကွက်အမှတ် (၇၄၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသန်းလွင် (၅/ခဥန (နိုင်) ၀၃၆၉၀၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးသန်းလွင်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဒေါ်လင်းလင်းထက် LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၁၄၆

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ(၂)လမ်း၊ အမှတ်(၁၀၇၇)၏ (၅)ထပ်တိုက်၏ (၄)လွှာ(ခြေရင်းဘက်အခန်း)၊ အကျယ်အဝန်း ပေ(၁၉ x ၃၄)ရှိ အခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၇)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၉၆၂)နေ ဦးဟိန်းမင်းလတ် ၁၂/မရက (နိုင်)၁၀၉၃၄၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ(၂)လမ်း၊ အမှတ်(၁၀၇၇)နေ ဒေါ်မြတ်မြတ်သင်း ၁၂/ဒဂန(နိုင်)၀၈၉၁၁၀ မှ ဥပဒေနှင့်အညီ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ(၂)လမ်း၊ အမှတ်(၁၀၇၇)၏ (၅)ထပ်တိုက်၏ (၄)လွှာ (ခြေရင်းဘက်အခန်း)၊ အကျယ်အဝန်း ပေ(၁၉x၃၄)ရှိအခန်းကို ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးဟိန်းမင်းလတ်မှ စရန်ငွေအချို့ တစ်ဝက်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ -
ဦးဟိန်းမင်းလတ် ၁၂/မရက(နိုင်)၁၀၉၃၄၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချိုချိုလွင် (LL.B), (D.I.L) DL.101(WIPO SWITZERLAND) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၁၃)
ဒေါ်မြမျိုးသွင် (LL.B) DL.101(WIPO SWITZERLAND) အထက်တန်းရှေ့နေ (စဉ်-၅၄၃၂၂)
အမှတ်(၂၄၅)၊ မင်္ဂလာလမ်း(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၅၁၁၁၁၁၁၁၁

ဖခင်နှင့် မိခင်အမည်မှန်

မအူပင်မြို့၊ အထက(၁)၊ Grade-11(A)မှ မဖူးပြည့်စုံဦး၏ ဖခင်နှင့်မိခင် အမည်မှန်မှာ ဦးလှိုင်ဝင်းနှင့် ဒေါ်အိသန္တာဖြစ်ပါကြောင်း။
မဖူးပြည့်စုံဦး

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ အောင်တော်မူ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ Grade-8 မှ မောင်သက်ပိုင်အောင်၏ ဖခင် ဦးသက်လှိုင်ဦးနှင့် ဦးဌေးသိန်း ၁၀/မလမ(နိုင်)၁၈၁၇၁၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးသက်လှိုင်ဦး(ခ)ဦးဌေးသိန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံ(၂၈)အိမ်ရပ်၊ အခြေခံပညာ မူလတန်းကျောင်း၊ Grade-2 မှ မောင်နှင်းအောင်၏ဖခင် ဦးသက်လှိုင်ဦးနှင့် ဦးဌေးသိန်း ၁၀/မလမ(နိုင်)၁၈၁၇၁၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးသက်လှိုင်ဦး(ခ)ဦးဌေးသိန်း

တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ၂၁၂၅ ရမ်မူရပ်ကွက်၊ အိုင်း(၂၄) လမ်းနေ မအိခြွာထွန်း၏ မိခင် ဒေါ်မြသန်း(ခ)ဒေါ်ခင်မြနွယ် ၁/မကန(နိုင်)၀၆၄၃၉၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဒေါ်မြသန်း(ခ)ဒေါ်ခင်မြနွယ်

တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်နေ မဒီသန္တာ၏ဖခင် ဦးဇော်မိုးဦး(ခ)ဦးဇော်မိုး ၅/ကလန (နိုင်)၀၆၁၈၀၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဇော်မိုးဦး(ခ)ဦးဇော်မိုး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/1724 ၏ ဖောင်းကြွပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညနာ၊ ခရိုင်ရုံး (သာယာဝတီ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ဈေးမရပ်ကွက်၊ ကျုံးစပ်လမ်းသွယ်၊ အိမ်အမှတ်(၇၃)နေ ဦးမောင်မောင်လွင် ၈/စလန(နိုင်)၀၀၂၂၂၂ နှင့် ဒေါ်အေးအေးမြင့် ၈/စလန(နိုင်) ၀၈၅၀၄၃ တို့၏သား မောင်ချစ်ကိုကိုလွင် ၈/စလန(နိုင်)၂၈၇၂၂၂ သည် မိဘ၏ ဆိုဆုံးမခြင်းကို နာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ (လုံးဝ)တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးမောင်မောင်လွင် (၈/စလန(နိုင်)၀၀၂၂၂၂)
ဒေါ်အေးအေးမြင့် (၈/စလန(နိုင်)၀၈၅၀၄၃)
စလင်းမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၅၂၁၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၀/မလမ(နိုင်)၁၈၆၂၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၇၁၄၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးရှိန် ၃/ကကရ(နိုင်)၀၆၅၄၂၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၁၉၆၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၇/ရတရ(နိုင်)၁၁၄၅၅၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၃၂၄၇၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှမ်းငယ် ၁၀/သဖရ(နိုင်)၀၇၉၈၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) (ဆောင်ရွက်ဆဲလုပ်ငန်း)ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တွင်ဆောင်ရွက်မည့် ဆရာ/ဆရာမဆောင် (၄)ထပ် သံကူကွန်ကရစ်အဆောက်အဦ (၁)လုံး၏ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)ရှိ ဆရာ/ဆရာမဆောင် (၄)ထပ် သံကူကွန်ကရစ်အဆောက်အဦ (၁)လုံး၏ ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းအတွက် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကိုနည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန (ရုံးချုပ်)တွင် ၁၆-၅-၂၀၂၄ ရက်နေ့မှ ၂၉-၅-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၂၉-၅-၂၀၂၄ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇-၃၄၀၄၀၂၀၊ ၀၆၇၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၆၉၇)၊ မြေရိယာ (၄၀ x ၆၀)အကျယ်အဝန်းရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့သည် ဒေါ်ခင်ဌေးဝင်း ၁၂/ဥကမ(နိုင်)၁၀၇၁၉၉ ၏ အမည်ဖြင့် နှစ်(၆၀) မြေငှားဂရန်အမှတ်(မဥ/ဇ-၄၀၂/၉၃)ဖြင့် မြို့မြေစာရင်းတွင် တရားဝင်မှတ်သားတည်ရှိပြီး တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အိမ်ခြံမြေအား အတူနေသမီးဖြစ်သူ ဒေါ်ခင်နှင်းစိုး ၁၂/ဥကမ(နိုင်)၁၉၇၇၈၁ နှင့် သားမက်ဖြစ်သူ ဦးဇော်နိုင်ဝင်း ၅/ပလန(နိုင်)၁၂၆၁၄၄တို့အား မှတ်ပုံတင်စာချုပ်စာတမ်း ချုပ်ဆို၍ မေတ္တာဖြင့် အပိုင်ပေးကမ်းလိုပါသည်။ ဤပေးကမ်းမှုအား ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ပေးကမ်းခြင်းအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်နှင်းစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပပဝင်း(LL.B,Law)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၇၅၉၉/၂၁-၁၂-၂၀၂၁)
အမှတ်(၂)၊ အောင်ချမ်းသာလမ်း၊ သန္တာပင်မြောက်ပိုင်း၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၅၃၃၄၁၅၇၄

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 63W/36291, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြသွယ် ၉/မလန(နိုင်)၁၅၁၉၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တောင်ကြီး

မွေးသက္ကရာဇ်အမှန်

ရှမ်း(တောင်)၊ ညောင်ရွှေမြို့၊ အထက(မင်းချောင်း)မှ ကျောင်းအုပ် တာဝန်ထမ်းဆောင်နေသော ဒေါ်မြင့်မြင့်အေး ၁၃/နစန(နိုင်)၀၁၁၅၇၈၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁၀-၁၉၆၄)ဖြစ်ပါကြောင်း။

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ထားဝယ်ခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

ဒေါ်အေးအေးချော	**နှင့်**	၁။ ဒေါ်ငြိမ်းစိန်
		၂။ ဒေါ်ပိုက်တင်
		၃။ ဒေါ်မော်မော်နွဲ့
(တရားလို)		(တရားပြိုင်များ)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရှင်မုတ္တီးကျေးရွာနေ ဒေါ်ငြိမ်းစိန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်အေးအေးချောက ကူညီထုတ်ပေးထားသည့် ငွေသိန်း(၃၀၀)ကျပ် တိတိ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မေလ ၂၁ရက်(၁၃၈၆ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ မေလ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထိပ်ထားလေး)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့နယ်၊အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်နေ ဦးကျော်ငွေ ၁၃/ကလန(နိုင်)၀၂၂၁၁၇ ၏ ဖခင် ဦးစစ်ဘိုနှင့် ဦးစစ်ဗိုလ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

အမည်ပြောင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မြတ်မြင့်မိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9တက်ရောက်မည့် မောင်စိုင်းသီဟဇော်အား မောင်ကောင်း သန့်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းသန့်ဇော်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၃) လမ်း၊ မြေတိုင်းအမှတ်၂၀/က+ခ၊ မြေကွက်အမှတ်(၇၂၇)၊ အဆောက်အအုံ အမှတ်(၃၀)၊ တတိယထပ်၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၂x၅၀)ပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင် ဒေါ်တင်စန်း ၁၂/လမန(နိုင်)၀၁၃၂၉၆ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးမွန် ၁/မညန(နိုင်) ၁၆၁၉၅၈က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးမြင့်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၄)
ဖုန်း-၀၉-၉၇၀၇၁၁၂၄၂

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
မြစ်ကြီးနားခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၃

ဒေါ်တင်တင်ဆွေ	**နှင့်**	၁။ ဒေါ်မိုးမိုးရည်(ခ)မိုမိုရီ
		၂။ ဒေါ်ကေပီလုဘူ
		၃။ ဒေါ်ခေါန်နန်
		၄။ ဒေါ်ဂျာထု
တရားလို		**တရားပြိုင်များ**

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ MS တာယာရောင်းဝယ်ရေး၊ 3D အလိုင်းမင်း၊ အမှတ်(၁၅)၊ အမက ကျောင်းဘေး၊ မီးရထားဝင်းနေ (၁)တရားပြိုင် ဒေါ်မိုးမိုးရည်(ခ)မိုမိုရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်ဆွေက " ပေါင်နှံထားသော မရွေးမပြောင်းနိုင်သည့်ပစ္စည်း ခြံမြေကို ပြန်၍ရလိုကြောင်း၊ အပေါင်ခံသူထံမှ အပေါင်ရွေးနုတ်လိုမှုနှင့် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန် ၁၇ ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကိုကို)
ခရိုင်တရားသူကြီး
မြစ်ကြီးနားခရိုင်တရားရုံး

အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ စာချုပ်စာတမ်းရုံး၌ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိရှေ့တွင် ဒေါ်နန်းမြမွန်(ဘ)ဦးသက်လွင် ၉/ပဥလ(နိုင်) ၀၀၃၃၆၈မှ ဦးအောင်နိုင်(ဘ)ဦးဇော်နော်ဒိန် ၉/ပဥလ(နိုင်) ၀၀၃၆၆၆ ထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ စာချုပ်အမှတ်-၁၃၉၉/၂၀၂၃အား လုပ်ငန်းတာဝန်များပြီးဆုံး၍ (၁၀-၅-၂၀၂၄) ရက်တွင် ၎င်းရုံး၌ပင် နှစ်ဦးသဘောတူ ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးအောင်နိုင် LL.B,Applied Psy;
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၅)
အမှတ်(၄၂၊ ၄၃)၊ ၃၇-လမ်း၊ ၁-ကွက်၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊
အကွက်(၄၄၈)၊ သံလျှက်မှော်တောင်၊ ၈၆x၁၀၄လမ်း၊ မန္တလေးမြို့၊
ဖုန်း-၀၉-၇၉၅၄၃၆၄၃၄

အများသိစေရန်ကြေညာခြင်း

ဦးကျော်လင်းသူ (၁၂/ဥကမ(နိုင်)၂၁၅၄၇၀)နှင့် ဒေါ်ဇင်သန္တာမြင့် ၁၂/ကမရ(ပြု)၀၀၀၄၁၅ တို့သည် စမ်းချောင်းမြို့နယ် တရားရုံး၌ ကွာရှင်းပြတ်စဲခြင်း မှတ်ပုံတင်အမှတ် ၁၃/၂၀၂၃ ဖြင့် ၁၈-၃-၂၀၂၃ ခုနှစ်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးအောင်နိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၅)
အမှတ် (၄၂၊ ၄၃)၊ ၃၇ လမ်း၊ ၁ကွက်၊ ရ.ကက (၅)၊ ပြင်ဦးလွင်။
အကွက် (၄၄၈)၊ သံလျက်မျှော်တောင်၊ ၈၆x၁၀၄လမ်း၊ မန္တလေးမြို့၊
ဖုန်း-၀၉-၇၉၅၄၃၆၄၃၄

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်စန်းစန်းမေ	၁၂/သကတ(နိုင်)၀၇၉၇၃၅	၁၂၃၆/က၊ နွယ်နီ(၄)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတ	၁၀/တောင်	၁၂၃၆	ဦးကျော်ရွှေ
၂	ဒေါ်ဇင်မာဦး	၁၂/သဃက(နိုင်)၂၀၃၆၁၈	၉၊ အိုးဘိုလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်း	၅၀	၁၅၄ Portion	ဦးဘခင်
၃	ဦးဘိုဘို	၁၂/သဃက(နိုင်)၁၅၄၆၆၀	၁၃/၀၉၄၆၊ အေးမေတ္တာလမ်း၊ ဂ-ရပ်ကွက်၊ သဃ်န်းကျွန်း	၄၉	၂၇ Portion	အမ်-အာရ်ဒစ္စတံပုလဲ
၄	ဒေါ်အေးအေးမြင့်	၁၂/သဃက(နိုင်)၁၁၁၀၁၃	၁၄၁၊ ဇေယျာသုခလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း	၅၄	၇၄ Portion	ဒေါ်နှင်းရီ
၅	ဒေါ်နန္ဒာထွန်း	၉/ပမန(နိုင်)၁၉၄၆၅၃	၉၀၆၊ သခင်ခင်ဇော်(၃)လမ်း၊ ၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁	၉၀၆	ဒေါ်ထားကြည်
၆	ဦးသာငြိမ်း	၇/ကဝန(နိုင်)၁၁၂၉၆၁	၄၁၂၊ မြိတ်လမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၁	၄၁၂	ဒေါ်စုစုလှိုင်
၇	ဦးဇော်လီအောင်	၄/မတပ(နိုင်)၀၂၈၂၉၄	၂၀၅၊ သဇင်လမ်းသွယ်၊ ၃-ရပ်ကွက်၊ ရွှေပြည်သာ	၁၆	၂၀၅	ဦးစိုးကြည်
၈	ဒေါ်သက်သက်နွယ်	၇/ညလပ(နိုင်)၁၂၀၅၅၈	၇၇၅/က၊ ရဲတံခွန်လမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၇	၇၇၅	ဦးလှကြည်
၉	ဒေါ်မြင့်မြင့်စန်း	၁၂/ဗဟန(နိုင်)၀၄၂၈၂၀	၆၀၅(က+ခ)၊ မင်္ဂလာသီရိ(၂)လမ်း၊ ၂၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၆	၆၀၅/က၊ ၆၀၅/ခ	ဦးရင်ဝင်း၊ ဦးကြွက်နီ
၁၀	ဦးမြင့်သိန်း	၁၂/ဒဂတ(ပြု)၀၀၁၅၉၅	၉၆၈/ခ၊ ချမ်းမြသာစည်လမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၅၆	၉၆၈/ခ	ဦးစိန်တိုး
၁၁	ဒေါ်မြကျင်	၁၂/သဃက(ပြု)၀၀၂၃၂၅	၅၊ ဂန္ဓာရုံလမ်း၊ ဂ-ရပ်ကွက်၊ သဃ်န်းကျွန်း	၄၉	၁၄ Portion	ဒေါ်ဖွား
၁၂	ဦးစန်းဦး	၁၂/အလန(နိုင်)၀၁၄၈၄၇	၆၃၃/ခ၊ ခါတော်မှီလမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၆	၆၃၃/ခ	ဒေါ်သန်းရီ
၁၃	ဦးမျိုးမင်းဇင်	၁၀/မလမ(နိုင်)၀၀၄၇၂၃	၂၂၁/က၊ ကတန်ကျွန်းလမ်း၊ ၂၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၅	၂၂၁/က	ဦးခင်မောင်လတ်၊ ဒေါ်လွင်လွင်စိုး
၁၄	ဒေါ်နိုင်ဇင်ထွန်း	၁၁/ကဖန(နိုင်)၀၄၂၄၄၈	၁၃၃၆/ခ၊ ပြည်ထောင်စုလမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၇	၁၃၃၆	ဦးကျော်မင်းသွေး
၁၅	ဒေါ်လှဝင်းကြည်	၈/ရနခ(နိုင်)၀၃၁၁၆၉	၁၄၀/ခ၊ တပင်ရွှေထီးလမ်း၊ ၂-ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)	၉	၁၄၀	ဒေါ်နှင်းမြိုင်
၁၆	ဒေါ်မိစန္ဒာမွန်	၁၂/ဥကမ(နိုင်)၂၀၁၅၀၅	၃၆၇၊ နေကြာလမ်း၊ ဌ-ရပ်ကွက်၊ မြောက်ဥက္ကလာပ	ဠ	၃၆၇	ဦးကံမြင့်
၁၇	ဦးမြင့်စိုး	၁၂/မဘန(နိုင်)၀၂၁၇၅၇	၆၆၈/က၊ မြောင်းမြ(၁)လမ်း၊ ၂၀/သံဒင်းရပ်ကွက်၊ ရွှေပြည်သာ	၄၆	၆၆၈	ဒေါ်ထွေးနှင်းအောင်
၁၈	ဒေါ်မြမဋ္ဌ	၁၂/အစန(နိုင်)၁၆၈၉၈၁	၁၁၉/ခ၊ နတ်ပန်းချီလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၅	၁၁၉	ဒေါ်တင်အေး

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဂျောင်ဝိုင်းကြီးကျေးရွာ နေ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် သမိုင်းမေဂျာ၌ ပညာတက်ရောက်နေသော မချောစုဝေ ၁၂/တတန(နိုင်) ၂၇၃၃၉၀၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ထွန်း ၁၂/အလန(နိုင်) ၀၃၄၈၆၈ ဖြစ်ပါကြောင်း။

ဦးဇော်ဇော်ထွန်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/5792 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရှိန်(ရေးမြို့)
ရွှေဝါဝင်းရွှေဆိုင်(ဆင်မင်းဈေး)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ အမှတ် ၈၀၊ သိပ္ပံလမ်းနေ (ဦးကွန်းဘ-ဒေါ်ရင်ကြွေ)တို့၏သား၊ ဒေါ် ညွန့်ရီ၏ ခင်ပွန်း၊ ဦးပြည့်ဖြိုးအောင်ဖြူ-ဒေါ်သီတာထွန်း၊ ဦးအောင်စိုးမိုး-ဒေါ်သင်းမာထွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်စန္ဒာထွန်း၊ ဦးထက်အောင်-ဒေါ်မေမြတ်သူတို့၏ဖခင်၊ မောင်မျိုးဟန်ထွဋ်၊ မမြသော်တာဦးတို့၏ အဘိုးသည် ၁၇-၅-၂၀၂၄ရက်(သောကြာနေ့)နံနက် ၆:၄၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်နန်းခင်ဆွေတင့်
(အ-ထ-က-၃၊ သဃ်္ဃန်းကျွန်း-ငြိမ်း)
အသက် (၆၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၂) လမ်း၊ အမှတ်(၈/ခ)နေ[(ဦးဌေးမောင်) မြန်မာ့ရေနံ-အရာရှိ (ငြိမ်း)-ဒေါ်ရွှေအိမ်] တို့၏သမီးကြီး၊ ဦးတင်လင်း (လ/ထ ညွှန်ကြားရေးမှူး၊ လ-ဝ-က-ငြိမ်း)၏ဇနီး၊ ဒေါ်ကြူကြူစန်း ၏အစ်မ၊ ကိုစိုင်းစည်သူလင်း-မအေးမိုးစံ၊ မောင်စိုင်းစည်သူဟိန်း (B.A-History) တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မခြူးဟေသာထက်၏အဘွားဖြစ်သူ သည် ၁၅-၅-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)ည(၇:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၄ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၄ (အင်္ဂါနေ့) နံနက်(၇)နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဒေါ်တင်သန်း
အသက်(၇၇)နှစ်

ပေါက်ခေါင်းမြို့၊ ညောင်ပင်အင်းရွာနေ (ဦးအုန်းမောင်-ဒေါ်ညွန့်မောင်)တို့၏သမီးကြီး၊ (ဦးအေးကို)၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၄၄)နေ (ဦးသက်နိုင်သိန်း)-ဒေါ်အေးမျိုးမြတ်(ဦးစီးအရာရှိ အင်/ယာ-လမ်း တံတား)၊ ဦးရဲမျိုးထွဋ် 2nd Mate FG-ဒေါ်စန်းစန်းဝင်းတို့၏ မွေးမိခင်၊ မထူးမြတ်ထက်နိုင်၊ မသက်ထက်မြတ်နိုး၊ မောင်ကောင်းထက်မျိုးထွဋ် တို့၏အဘွားသည် ၁၇-၅-၂၀၂၄ရက်(သောကြာနေ့)မွန်းလွဲ ၁၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၃-၅-၂၀၂၄ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၇/၄၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ် (၅၈/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိမြေကွက်သည် မူလက ဒေါ်မာလာ အမည်ဖြင့် (၃၀-၆-၂၀၂၂)ရက်နေ့ ထိ(၃၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဒေါ်မာလာ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူဒေါ်အာမိရိတာ)က (၁၃-၃-၂၀၂၄) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၂၉/၂၀၂၄) အရ ဦးဘီနိုသ်ကူမာရ် ၁/ဝမန(နိုင်)၀၄၇၅၂ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ ဦးဘီနိုသ်ကူမာရ် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ နှင်းပန်းလမ်း၊ တိုက်အမှတ် ၁၆(ပ)ထပ်နေ ဦးမြင့်သူ ၉/ကပတ(နိုင်)၁၃၄၇၇၅ ၏ သား မောင်အောင်ဖြိုးပိုင် ၁၂/ပဇတ(နိုင်)၀၃၅၂၇၁ သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁၁-၃-၂၀၂၄ ရက်က အိမ်မှဆင်းသွားကာ အဆက်အသွယ်မရတော့ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မောင်အောင်ဖြိုးပိုင်နှင့် ပတ်သက်ဆက်နွှယ်သော လူမှုရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းပြဿနာများကို ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်သူ
၉/ကပတ(နိုင်)၁၃၄၇၇၅
ပုဇွန်တောင်မြို့နယ်

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဂျီပေါရွှေ(ခ)ဦးဌေးဝင်း
(ဖြူပြာဝင်း-အထည်ဆိုင်၊ လှည်းတန်းဈေး)
အသက်(၉၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း (၇)လမ်း၊ အမှတ်(၄၅/က)နေ (ဦးဂျီမွန် လတ်-ဒေါ်ဟန်ဟိန်း)တို့၏သား၊ (ဦးချောင် လင်အိန်-ဒေါ်ထွေးရီ)တို့၏သားသမက်၊ (ဒေါ်ဝင်းဝင်းမော်(ခ) ချော်ဖေဟွန့်)၏ခင်ပွန်း၊ မမြစန္ဒာဝင်း၊ မမြသီတာဝင်း၊ မတင်မိုးမြင့်ဝင်းတို့၏ဖခင်သည် ၁၆-၅-၂၀၂၄ ရက်(ကြာသပတေးနေ့) နံနက်(၉)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၈-၅-၂၀၂၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ ကွယ်လွန်သူ အားရည်စူး၍ ၂၂-၅-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၄၅/က)၊ လှည်းတန်း(၇)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ် မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လွင်လွင်စိုး(မန်နေဂျာ)
ဘဏ်ခွဲတာဝန်ခံ
ကမ္ဘာ့ရတနာဘဏ်လီမိတက်(လယ်ဝေးဘဏ်ခွဲ)
အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ(ဦးအောင်ထွန်း-ဒေါ်ရွှေတင်)တို့၏သမီး၊ ဦးဌေးမြင့်(ခ) ဦးနာယက-ဒေါ်သန်းသန်းတို့၏သမီး (ချွေးမ)၊ (ဒေါ်သောင်းခင်) ဒေါ်သောင်းစိန်၊ ဦးစိုးညွန့်-ဒေါ်သောင်းမြင့်၊ ဦးစိုးကြည်-ဒေါ်ခင်နွယ်အေး၊ ဦးကျော်ကျော်-ဒေါ်အေးအေးဝင်းတို့၏ညီမ၊ နေပြည်တော် လယ်ဝေးမြို့နေ ဦးဇော်ဝင်းအောင် (မန်နေဂျာ)(မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)၏ချစ်လှစွာသော ဇနီး၊ သမီးကြီး မခိုင်ကြည်ကြည်သန့် (ခေတ္တကိုးရီးယား)၊ သမီးငယ် မအိမ်ဖြိုးကြည်ဖြူခိုင်တို့၏မိခင်ကြီး ကွယ်လွန်သူ ဒေါ်လွင်လွင်စိုး(မန်နေဂျာ)(ကမ္ဘာ့ရတနာ ဘဏ်၊ လယ်ဝေးဘဏ်ခွဲ) အသက် (၅၄)နှစ်သည် (၁၆-၅-၂၀၂၄)ရက် (ကြာသပတေးနေ့) ညနေ(၆:၂၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၈-၅-၂၀၂၄)ရက် (စနေနေ့)နံနက်(၁၀:၃၀)နာရီ နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူ ဒေါ်လွင်လွင်စိုး အားရည်စူး၍ (၂၂-၅-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၀၇:၀၀)နာရီတွင် လယ်ဝေး မြို့နေအိမ်၌ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည် ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်လွင်လွင်စိုး (မန်နေဂျာ)
ဘဏ်ခွဲတာဝန်ခံ
ကမ္ဘာ့ရတနာဘဏ်လီမိတက် ၊ လယ်ဝေးဘဏ်ခွဲ
အသက် (၅၄)နှစ်

လယ်ဝေးမြို့၊ ကမ္ဘာ့ရတနာဘဏ်နေ ဦးဇော်ဝင်းအောင်(မန်နေဂျာ) (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၏ချစ်လှစွာသောဇနီး ဒေါ်လွင်လွင်စိုး အသက်(၅၄)နှစ်သည် (၁၆-၅-၂၀၂၄)ရက်(ကြာသပတေးနေ့)ညနေ(၆:၂၀) နာရီတွင် ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နယ်မြေ(၂)ကွပ်ကဲရေးမှူးနှင့်
ကွပ်ကဲမှုအောက်ဘဏ်ခွဲတာဝန်ခံများနှင့်ဝန်ထမ်းများ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၀/မင်းရဲကျော်စွာ၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ(၀.၆၈၄)ဧကအနက်မှ ဧရိယာ(၀.၀၉၂)ဧကအား ဦးဘုန်းကျော်-ဒေါ်ပြည့်ပြည့်ခိုင် (ဘ) ဦးကျော်မျိုးသူ ၉/တကန(နိုင်)၂၁၄၇၇၆၊ ၉/တကန(နိုင်)၂၂၈၅၅၂ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ် ၁၀၂/၂၀၂၃ ၊ တပ်ကုန်းမြို့နယ်၊ မြေစာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းကျေးရွာ၊ ကနောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၈၆+၈၇)၊ ကနောင်အိမ်ရာလမ်းသွယ်နှင့် (၄)လမ်းထောင့်တွင် (၂)ထပ် Hip Roof (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၀ ခုနှစ်ထုတ်ပေးထားသော(၃)နှစ်သက်တမ်းရှိ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် လက်မှတ်(သက်တမ်းကုန်) အမည်ပေါက် ဦးမောင်မောင်(ခ)စန်ဝေါ (၁၂/ကမရ (နိုင်)၀၄၈၉၄၁) ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသော Sea Star Industry Company Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၂၁၃၈၄၃၉၆)မှ BP1-9978 ဖြင့် အဆောက်အဦဆောက်လုပ်ခွင့်တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး
ဦးချစ်မောင် (ဂွမြို့) ပြည်နယ်ပညာရေးမှူး(ငြိမ်း)
အသက် (၉၂)နှစ်

ရခိုင်ပြည်နယ်၊ ဂွမြို့၊ မြို့မလမ်းနေ (ဦးကျော်ခ-ဒေါ်ငွေညွန့်)တို့၏သား၊ (ဒေါ်ခင်တင့်)၏မောင်၊ ဒေါက်တာ ချမ်းသာ-ဒေါ်သီတာဦး၊ (ဒေါ်နီလာချို)၊ ဦးသက်နိုင်-ဒေါ်တင်အေးမူ၊ ဦးသိန်းထွန်း-ဒေါ်သန္တာလင်းတို့၏ဖခင်ကြီး၊ မောင်ဝေယံ- မဝင့်၊ မစွင့်၊ မအေးဆုမွန်၊ ဒေါက်တာ မျိုးမင်းသန့်-မဖြိုးဖြိုးဖူးညိမ်း၊ မစုမွန်တိုး၊ မမြတ်နေခြည်ထွန်း၊ မမေထက်ခိုင်တို့၏ဘဘကြီး၊ဥက္ကာမင်းမြတ်၊ စိုင်းပြည့်သော်တည်၊ ရွှေယံမင်းမြတ်တို့၏ဘိုးဘိုးကြီး ဦးချစ်မောင် သည် ၁၆-၅-၂၀၂၄ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါ သဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို မွန်းလွဲ ၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းကို ညှိုးငယ်စွာဖြင့် အကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၄ ရက် (ကဆုန်လပြည့်) (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ ၁၂နာရီထိ ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါသဖြင့် စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း အမှတ်(၄၄)၊ ၅လွှာ နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စမ်းကြွေ (သုံးခွ)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်းနေ ဒေါက်တာဦးစိုးမြင့်(ဒုတိယ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၏ဇနီး၊ ဦးကျော်လင်းလင်းဦး၊ ဒေါ်ယမင်းစိုး၊ ဦးအောင်သူရစိုး၊ ဦးဇော်ရဲထွန်းတို့၏ကျေးဇူးရှင်မိခင်ဖြစ်သူ ဒေါ်စမ်းကြွေ သည် ၁၆-၅-၂၀၂၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွား ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၈-၅-၂၀၂၄ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၁၈၉၊ လက်ဝဲမင်း ဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက် နေအိမ်မှကားများမွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၂-၅-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်ဝင်း(ပန်းသီးမုန့်တိုက်)
အသက်(၈၂)နှစ်

ချောက်မြို့၊ ပွဲစားတန်းရပ်နေ (ဦးချစ်နိုင်-ဒေါ်တင်စိန်)တို့၏သား၊ (ဦးမှင်-ဒေါ်သီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မောင်သန်းလမ်း၊ အမှတ်(၃၆)နေ ဒေါ်သန်းထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်နိုင်-ဒေါ်အေးမွန်၊ ဦးဝင်းကိုကိုဦး-ဒေါ်ဆွေဆွေဝင်း၊ ဦးသန်းနိုင်ဝင်း-ဒေါ်စုစုဝင်း၊ ဦးတင်မျိုးထွန်း-ဒေါ်လှကေသီဝင်း၊ ဦးဇော်ဝင်းဌေး၊ ဦးအောင်နိုင်ဝင်း-ဒေါ်ချစ်စုလှိုင်၊ ဦးရဲနိုင်ဝင်း-ဒေါ်ဆင့်ဆင့်စိုးတို့၏ ချစ်လှစွာသောဖခင်၊ မြေး(၁၁)ယောက်တို့၏ ချစ်လှစွာသော အဘိုး ဦးတင်ဝင်းသည် (၁၇-၅- ၂၀၂၄) ရက်(သောကြာနေ့) နံနက်(၉:၂၅)နာရီတွင် ပန်းလှိုင်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို (၁၉-၅-၂၀၂၄)ရက်(တနင်္ဂနွေနေ့)မွန်းလွဲ(၂:၀၀) နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ တိုက်ခန်းအမှတ်-2B-835 (၇-လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မာငြိမ်း (၁၄/ငရက(နိုင်)၀၁၄၆၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိမိုးသဲ (၇/ဝမန(နိုင်)၁၄၄၈၀၀)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)	ဒေါ်ခင်စောသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)	တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

သွေးသည် အသက် သင့်သွေးဖြင့် အသက် ကယ်ပါ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးသကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်းလိုအပ် ...**

❖ **စည်းကမ်းကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ”**အား ၂၀၂၄ ခုနှစ်၊ မေ ၂၃ ရက်မှ ၃၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(**အခမဲ့**) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

နော့ဝှစ်ချ်ကို ဂိုးပြတ်အနိုင်ယူပြီး ချန်ပီယံရှစ်ရှုံးထွက် နောက်ဆုံးဗိုလ်လုပွဲ လိဒ်စ်အသင်း တက်လှမ်း

ချန်ပီယံရှစ်ရှုံးထွက်ပြိုင်ပွဲ ဒုတိယအကျော့မှ လိဒ်စ်နှင့် နော့ဝှစ်ချ်အသင်းပွဲစဉ်ကို မေ ၁၇ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ လိဒ်စ်အသင်းက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် လိဒ်စ်အသင်းက နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

လိဒ်စ်နှင့် နော့ဝှစ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့တွင် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများရှိသော်လည်း ဂိုးမရှိသရေကျခဲ့သည်။ ပထမအကျော့တွင် ပြတ်သားသည့် ရလဒ်ထွက်ပေါ်ထားခြင်းမရှိသည့်အတွက် ယခုဒုတိယအကျော့တွင် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး ခြေကုန်ထုတ်လာခဲ့ရာ လိဒ်စ်အသင်းက တစ်ဖက်သတ်ဖိအားပေးကစားကာ အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၅* ❑

ONE Friday Fight-63 ပြိုင်ပွဲတွင် ထွန်းမင်းနိုင် (ခ) ဆူလိုင်မန် အမှတ်ဖြင့်အနိုင်ရ

ရန်ကုန် မေ ၁၇

ONE Friday Fight-63 ပြိုင်ပွဲကို မေ ၁၇ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ ထွန်းမင်းနိုင် (ခ) ဆူလိုင်မန်အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ဆူလိုင်မန်သည် ဂျပန်နိုင်ငံသား တိုမိုကီဆာတိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်ဘဲ အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆူလိုင်မန်နှင့် တိုမိုကီဆာတိုသည် လက်ရည်အရ ကွာခြားမှုမရှိသော်လည်း ဆူလိုင်မန်၏ လက်သီးချက်များနှင့် ခြေကန်ချက်ထိခဲ့သဖြင့် *စာမျက်နှာ ၉ ကော်လံ ၄* ❖

ကြက်တောင်အားကစားမယ် သက်ထားသူဇာ လက်ရည်စစ်ပွဲအောင်မြင်၊ ပါရီအိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိ

ရန်ကုန် မေ ၁၇

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် လက်ရည်စစ်ပွဲအောင်မြင်ခဲ့သဖြင့် ယခုနှစ် ဇူလိုင်လတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း *စာမျက်နှာ ၉ ကော်လံ ၄* ✻

ယနေ့ သတင်းအညွှန်း

အမေရိကန်တို့၏ သူလျှိုဒရုန်းကို ပစ်ချနိုင်ခဲ့သည်ဟု ဟူသီတို့ပြော နိုင်ငံတကာသတင်း စာ ၁၃

အုတ်ဖုတ်လုပ်ငန်းသို့ ခေါ်ဆောင်ကာ ကြွေးမြီဖြင့် နှောင်ဖွဲ့၍ အဓမ္မခိုင်းစေပြီး လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ် ပြည်တွင်းသတင်း စာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ ပြည်တွင်းသတင်း စာ ၁၈